# MYANTRADE
# ဈေးကွက်သတင်းလွှာ

အမှတ်စဉ် ၇/၂၀၂၃

## ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- ပခုက္ကူကြက်သွန်နီဈေးကွက် ဈေးအနည်းငယ်ကျဆင်းပြီး တစ်ပိဿာ ကျပ် ၂၀၀၀ အောက် ပြန်လည်ရောက်ရှိ
- ထိုင်းနိုင်ငံသို့တင်ပို့နေသည့် ငရုတ်သီးအစို တစ်ခြင်းဈေး ကျပ် ၆၀၀၀ခန့် ကျဆင်း

### နိုင်ငံတကာဈေးကွက်

- အယ်လ်နီညို နှင့် ကမ္ဘာ့ဆန်လက်ကျန်
- အိန္ဒိယနိုင်ငံသည် ဆီနီဂေါ၊ ဂန်ဘီယာနှင့် အင်ဒိုနီးရှားနိုင်ငံများသို့ ဆန်ကွဲတင်ပို့ရန်သဘောတူ
- ရောင်းအားနည်း၊ ဝယ်အားများနေမှုကြောင့် အာရှဆန်ဈေးများ နှစ်နှစ်အတွင်း အမြင့်ဆုံးရောက်
- ရုရှားနိုင်ငံမှ ဆန်တင်ပို့မှုအား ယခုနှစ်ကုန်အထိ ပိတ်ပင်ရန် အဆိုပြုထား
- ထိုင်းဆန် ဝယ်လိုအား မြင့်တက်နေ
- ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စိုက်ပျိုးရေးထွက်ကုန်များမှောင်ခိုတင်သွင်းမှု တိုက်ဖျက်ရေးကို အရှိန်မြှင့်တင်ဆောင်ရွက်
- ရုရှားမှ တရုတ်သို့ ဓာတ်ငွေ့တင်ပို့မှု ဒေါ်လာ ၂ ဒသမ ၈၁ ဘီလီယံထိ မြင့်တက်
- စင်ကာပူနိုင်ငံနှင့် ကာတာနိုင်ငံအကြား မဟာဗျူဟာကျသည့် ရေနံ့အလားအလာများကို ဖလှယ်ခဲ့ကြောင်း စင်ကာပူ နိုင်ငံသမ္မတ မဒမ် Halimah Yacob က ပြောကြား
- ထိုင်းနှင့် ဆော်ဒီနိုင်ငံတို့အကြား ဆက်ဆံရေးမှသည် ပိုမို မဟာဗျူဟာကျသော မိတ်ဖက်များအဖြစ်သို့
- ဥရောပကုမ္ပဏီ (၆) ခုက တောင်ကိုရီးယားနိုင်ငံတွင် အမေရိကန်ဒေါ်လာသန်းပေါင်း ၉၄၀ ရင်းနှီးမြှုပ်နှံသွားမည်ဟု ကတိပြုခဲ့
- ဗီယက်နမ်နိုင်ငံ၏ အစေ့မဲ့ လိုင်ချီး ဂျပန်နိုင်ငံနှင့် ယူကေနိုင်ငံသို့ တင်ပို့
- ဂျာမနီနိုင်ငံ၊ ဘာလင်မြို့တွင် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းကျင်းပမည့် FRUIT LOGISTICA 2024 သို့ စိတ်ပါဝင်စားသူများပါဝင်ပြသနိုင်
- ဖိလစ်ပိုင်နိုင်ငံ၏ပို့ကုန်တိုးမြှင့်ရေးအစီအစဉ် (၂၀၂၃-၂၀၂၈) အရ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၄၀ ဘီလီယံထိ ရရှိရန်မျှော်မှန်း
- အစားအစာများဘေးကင်းလုံခြုံစေရန် ပြည်ပမှတင်သွင်းသော အစားအစာများအတွက် သတ်မှတ်ချက်များနှင့် စံချိန်စံညွှန်းများကို ပြန်လည်ပြင်ဆင်သည့် အဆိုပြုလွှာအား ဂျပန်နိုင်ငံက ပေးပို့ခဲ့
- အိန္ဒိယနိုင်ငံတွင် မုတ်သုံရာသီစတင်မှု နောက်ကျသောကြောင့် ဆီထွက်သီးနှံစိုက်ပျိုးမှုကို နှောင့်နှေးမှု ဖြစ်နေ

### ပြည်တွင်းကုန်သွယ်မှုသတင်း

- မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် တရုတ်နိုင်ငံ ဟူနန်ပြည်နယ် ဟွိုင်ဟွာမြို့မှ စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံ
- တရုတ်နယ်စပ်ကုန်သွယ်ရေးတွင် သွင်းကုန်လုပ်ငန်းများအား ဘဏ်စနစ်အသုံးပြုပြီး ငွေပေးချေ ဆောင်ရွက်ရန်ကိစ္စ ထုတ်ပြန်
- မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့နယ်ဒေသအချို့အတွက် ခွာနာလျှာနာ ကူးစက်ပျံ့နှံ့ခြင်းဆိုင်ရာ တားမြစ်ခြင်းအမိန့် ဖျက်သိမ်းခြင်း
- မြန်မာနိုင်ငံမှသစ်သီးဝလံများတရုတ်နိုင်ငံတင်ပို့ခြင်းလုပ်ငန်းများအားတရုတ်နိုင်ငံ


ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
ဖက်စ် ၀၁ -၃၇၆၄၁၆
http://www.myantrade.org
myantradetir2018@gmail. com

GACC သို့ မှတ်ပုံတင်ရန်ကိစ္စ

**ပြည်ပကုန်သွယ်မှုသတင်း**

- အိန္ဒိယနိုင်ငံကုမ္ပဏီမှ မြန်မာနိုင်ငံထွက် နှမ်းဖြူဝယ်ယူလို
- ယခုဘဏ္ဍာနှစ် မေလတွင် အမေရိကန်ဒေါ်လာ ၂၂ သန်းကျော်တန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၈၀၀၀ ကျော်တင်ပို့ရောင်းချပေးခဲ့
- မြန်မာ့ကော်ဖီကို နိုင်ငံပေါင်း (၁၄)နိုင်ငံသို့ တင်ပို့နေပြီး တိုးချဲ့တင်ပို့နိုင်ရန် အဖွဲ့အစည်းအသစ် ဖွဲ့စည်းကာ လုပ်ဆောင်ရန် ပြင်ဆင်လာ
- မြန်မာ့သရက်သီးအများစု တရုတ်ဈေးကွက်သို့တင်ပို့

**အထူးဆောင်းပါး**

- ရင်းနှီးမြှုပ်နှံမှုများအားကောင်းလာခြင်းကြောင့် ဂျပန်နိုင်ငံ၏စီးပွားရေးအခြေအနေ
- အညာတောင်သူတို့ရဲ့ မျှော်လင့်ချက်နဲ့ စိန်ခေါ်မှုများ
- ကော်ဖီနှင့် မက္ကဒေးမီးယား တွဲဖက်စိုက်ပျိုးပေး

**ကုန်သွယ်မှုအခြေအနေ**

**ကုန်စည်ဈေးနှုန်းများ**

# ပြည်တွင်းဈေးကွက်

## ပခုက္ကူကြက်သွန်နီဈေးကွက် ဈေးအနည်းငယ်ကျဆင်းပြီး တစ်ပိဿာ ကျပ် ၂၀၀၀ အောက် ပြန်လည်ရောက်ရှိ

ပခုက္ကူကြက်သွန်ဈေးကွက်အတွင်း ယခု ဖွန်လနောက်ဆုံးပတ်တွင် ကြက်သွန်ဈေး ကျဆင်းလာပြီး တစ်ပိဿာ ကျပ်၂၀၀၀ အောက် ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

ပြီးခဲ့သည့် ဖွန်လတတိယပတ်တွင် ကြက်သွန်နီတစ်ပိဿာအနိမ့်ဆုံး ကျပ် ၁၄၀၀ မှ အမြင့်ဆုံး ကျပ်၂၁၅၀ ထိ ရောက်ရှိခဲ့ပြီးနောက် ဈေးနှုန်း ပြန်လည်ကျဆင်းလာခြင်းဖြစ်ကြောင်း သိရသည်။

ပခုက္ကူကြက်သွန်ဈေးကွက်သို့ ပိဿာချိန် ၁၇၀၀၀ ကျော်ဝင်ရောက်သည့် ဖွန်လ ၂၃ ရက်နေ့တွင် ဂွန်(ရောရာ)သေး တစ်ပိဿာ ၁၀၀၀ – ၁၃၀၀ ကျပ် ၊ ဂွန်လတ်တစ်ပိဿာ ၁၄၀၀ – ၁၆၀၀ ကျပ် နှင့် ဂွန်ကြီးတစ်ပိဿာ ၁၇၀၀ – ၁၈၂၅ ကျပ် ပေါက်ဈေး ရှိကြောင်း သိရသည်။

“ခုရက်ပိုင်း ကုန်ဝင်နည်းပေမဲ့ ဝယ်လက်ကလည်းအေးတယ်။ ပစ္စည်းကောင်းလည်းရှားတယ်။ ဈေးကတော့ ဖြည်းဖြည်းခြင်း ပြန်ကျလာတယ်။ ဖွန်လ ၂၃ ရက်ကဆိုရင် တစ်ပိဿာ ၂၀၀၀ ဝန်းကျင်။ ဖွန်လ ၂၄ ရက်နေ့ ၁၈၂၅ ကျပ်။ အရောင်းအဝယ်က ပစ္စည်းကောင်းအပါနည်းတဲ့နေ့ဆို ဈေးမပြတ်ဘူး။ အဝယ်သမားကလည်း ဈေးချဝယ်တယ်။ တောင်သူကလည်း နောက်ဆုံးချရောင်းရတယ်။ သူ့ဈေးနဲ့သူ ရောင်းနိုင်ရင် အရောင်းအဝယ်မြန်တယ် ” ဟု ပခုက္ကူမြို့မှ ကြက်သွန်ရောင်းဝယ်ရေး လုပ်ကိုင်သူတစ်ဦး က ပြောကြားသည်။

ပခုက္ကူကြက်သွန်ဈေးကွက်အတွင်း လက်ရှိတွင် ယောချောင်းတစ်ဝိုက်နှင့် ပုလဲမြို့နယ်မှ ထွက်ရှိသည့် ကြက်သွန်နီများ ဝင်ရောက်နေပြီး လက်ရှိဈေးနှုန်းအရ တောင်သူများ အကျိုးအမြတ်ရှိကြောင်း သိရသည်။

ယခုနှစ် ကြက်သွန်နီဈေးကွက်စတင်ချိန် ဖေဖော်ဝါရီလတွင် ကြက်သွန်နီတစ်ပိဿာ ကျပ် ၁၀၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့ပြီး သင်္ကြန်ကာလပြီးနောက်တွင် ဝယ်လက်များပြားလာသည့်အတွက် ဈေးနှုန်းမြင့်တက်လာခြင်း ဖြစ်ကြောင်း သိရသည်။

Source: https://news-eleven.com/article/249962

## ထိုင်းနိုင်ငံသို့တင်ပို့နေသည့် ငရုတ်သီးအစိ တစ်ခြင်းဈေး ကျပ် ၆၀၀၀ခန့် ကျဆင်း

ထိုင်းနိုင်ငံသို့ တင်ပို့နေသည့် ငရုတ်သီးအစိ တစ်ခြင်းဈေး တစ်ပတ်အတွင်း ကျပ် ၆၀၀၀ ခန့်ကျဆင်း သွားပြီး ငရုတ်သီးအစိ တောဈေး တစ်ပိဿာ ကျပ်၂၅၀၀ ခန့်ကျဆင်းသွားသည်ဟု မန္တလေးတိုင်းဒေသကြီး စားဖိုဆောင်သီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း နာယက ဦးစိုးညွန့် ကပြောကြားသည်။

အဆိုပါ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်တို့မှ ထိုင်းနိုင်ငံသို့ တရုတ်သီးအစိ တင်ပို့မှုအပြင် တရုတ်နိုင်ငံဘက်သို့ တရုတ်သီးအခြောက်များကို အဓိကထားတင်ပို့ပေးနေသည့် နယ်များဖြစ်ကြသည်။

“ငရုတ်သီးအစိုက အခုလောလောဆယ် ထိုင်းနိုင်ငံကို တင်ပို့နေတယ်။ အရင်ရက်တုန်းက ငါးပိဿာခြင်း တစ်တောင်းကို ကားပေါ်ပစ္စည်းအရောက်ခြင်းဖိုးပါ ကျပ် ၃၈၀၀၀ ရှိတယ်။ အခု တစ်ပတ် ၁၀ရက်အတွင်း ဈေးပြန်ကျလာတာ ငါးပိဿာတစ်ခြင်းကို ကျပ် ၃၂၀၀၀ ဈေးရှိတော့တယ်။ တောဈေးက အရင်ရက် တုန်းက တစ်ပိဿာ ၇၅၀၀ ကျပ်ဈေးဖြစ်သွားပြီး အခု တစ်ပိဿာ ၅၀၀၀ ကျပ်ဈေးရှိတော့တယ်။ တစ်ပိဿာ ၂၅၀၀ ကျပ်လောက်ဈေးကျတယ်။ ငရုတ်သီးအခြောက် ဈေးကွက်ကတော့ အေးတယ်။ အရင်လ ၅လ ပိုင်းတုန်းက တရုတ်နိုင်ငံဘက်က ငရုတ်သီးခြောက်တွေ အများကြီးဝယ်သွားတယ်။ အခြောက်ကို အညှာပါတာရော မပါတာရော အကုန်ဝယ်သွားတယ် အဲဒီနောက်ပိုင်း မိုးမိတာတွေ ငရုတ်သီး အညံ့တွေ ပါတာကြောင့် အဝယ်ဈေးကွက် ကျသွားပြီး ရပ်သွားတယ်။ တရုတ်က ဝယ်တုန်းက အညှာခြွေ တစ်ပိဿာ ၁၆၅၀၀ ကျပ်နဲ့ ၅လပိုင်းတုန်းကဝယ်တယ်။ အခု ၆လပိုင်း အတွင်းမှာမဝယ်ဘူး။ ထိုင်းဘက်က အညှာခြွေဝယ်ပေမဲ့ ဝယ်ယူမှုမများဘူး အညှာခြွေ တစ်ပိဿာ ၁၇၀၀၀ ကျပ်ဈေးနဲ့ဝယ်နေတယ်။ အခု ငရုတ်သီးအသစ်တွေက ၇ လပိုင်းအတွင်းမှာ ကျောက်ဆည် ခရိုင်ကလှိုင်လှိုင်ပေါ် ထွက် လာတော့မှာပါ။ အစိုဈေးကွက်မှာ ထိုင်းနိုင်ငံဘက်က လိုအပ်ချက်မရှိရင် ဈေးကျမှာပါ။ တောဈေးက အစို တစ်ပိဿာ ၅၀၀၀ ကျပ်လောက်ဈေးကျသွားပြီး ထိုင်းဘက်ပို့တဲ့ ငရုတ်သီးခြင်းဈေးက ၆၀၀၀ ကျပ်လောက်ဈေးကျသွားတယ်”ဟု မန္တလေးတိုင်းဒေသကြီး စားဖိုဆောင်သီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း နာယက ဦးစိုးညွန့်က ပြောကြားသည်။ ပြည်တွင်းစားသုံးမှုများ ပုံမှန်ရှိနေသည့်အတွက် ငရုတ်သီးခြောက်ဈေးသည် အမြင့်ဈေးတွင်ရှိနေကြောင်း သိရသည်။ Source: https://news-eleven.com/article/249961

## နိုင်ငံတကာဈေးကွက်

### အယ်လ်နီညို နှင့် ကမ္ဘာ့ ဆန်လက်ကျန်

ကမ္ဘာ့အရန်ဆန်သိုလှောင်မှု လက်ကျန်သည် စံချိန်တင်ပမာဏဖြင့် များပြားနေသည်။ အယ်လ်နီညို ရောက်လာပြီးနောက်တွင် အရန်ဆန်သိုလှောင်မှု လက်ကျန်သည် လုံလုံလောက်လောက်ဆက်ရှိနေသည်အထိ တောင့်ခံနိုင်မလားဟု စိုးရိမ်မကင်းဖြစ်ကြသည်။ ကမ္ဘာ့ဆန်ထုတ်လုပ်မှု ၉၀ ရာခိုင်နှုန်းနှင့် ကမ္ဘာ့စားသုံးမှု ၉၀ ရာခိုင်နှုန်းရှိသောအာရှသည် များသောအားဖြင့် ပူပြင်းပြီးခြောက်သွေ့သည့် အယ်လ်နီညိုရာသီဥတုပုံစံကို ကြုံတွေ့ရမည် ဖြစ်သည်။

သမိုင်းကြောင်းတစ်လျှောက် အယ်လ်နီညိုနှစ်များအတွင်း စပါးအထွက်နှုန်း ကျဆင်းခဲ့သည်။ အမေရိကန်က အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကို ရောက်ရှိလာပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ အလယ်အလတ်အဆင့်ထက် လွန်ကဲနိုင်ခြေမြင့်မားသည်ဟုဆိုသည်။ ပြင်းထန်သည်နှင့်အမျှ စပါးအထွက် ပိုနည်းမည်ဖြစ်သည်။ “ဒီနှစ်မှာ ဆန်ဈေးကွက်က ရောင်းသူအသာစီးရတဲ့ ဈေးကွက်ဖြစ်လာမှာပါ" ဟု ထိုင်းဆန်တင်ပို့ရောင်းချသူများအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Chookiat Ophaswongse က ပြောကြားသည်။ "ပြတ်လပ်တဲ့ အတိုင်းအတာအထိ မဟုတ်ပေမဲ့ ဆန်ထုတ်လုပ်မှုက ကျိန်းသေပေါက်ကျသွားမှာပါ" ဟု ၎င်းက ပြောကြားသည်။

ကမ္ဘာ့ဆန်သိုလှောင်မှုသည် ယခုရာသီတွင် တန်ချိန် ၁၇၃ ဒသမ ၅ သန်းသို့ ၅ ရာခိုင်နှုန်း ကျဆင်းမည်ဟု အမေရိကန်စိုက်ပျိုးရေးဌာနမှ ခန့်မှန်းထားသည်။ ဆန်တင်သွင်းရသည့်နိုင်ငံများသည် သတိထားမိလာကြပြီ မကြာသေးမီလများအတွင်း ဝယ်ယူမှုများ တိုးမြင့်လာကြသည်။ ကမ္ဘာ့တတိယအများဆုံး ဆန်တင်ပို့ရောင်းချသည့် ဗီယက်နမ်သည် ၂၀၂၃ ပထမ ၄ လတွင် ယခင်နှစ်ထက် ဖိလစ်ပိုင်သို့ ၄၀ ရာခိုင်နှုန်း၊ တရုတ်သို့ ၇၀ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားသို့ ၂,၅၀၀ ရာခိုင်နှုန်းပိုမိုတင်ပို့ခဲ့ရသည်။ အဆိုပါကာလအတွင်း ထိုင်းဆန်တင်ပို့မှုသည် ယခင်နှစ်ထက် ၁၈ ရာခိုင်နှုန်း ပိုမိုတင်ပို့ခဲ့သည်။

ကမ္ဘာ့အများဆုံး ဆန်တင်ပို့ရောင်းချသည့် အိန္ဒိယသည် အနောက်တောင် မုတ်သုံအပေါ် အကြီးအကျယ် တည်မှီနေသည်။ မိုးရွာသွန်းမှုသည် ယခုနှစ်တွင် ပုံမှန်ဟုခန့်မှန်းထားသည်။ သို့ဖြစ်ရာ စပါးစိုက်ပျိုးထုတ်လုပ်မှုကို အထောက်အကူဖြစ်မည်။ သမိုင်းကြောင်းတစ်လျှောက် အယ်လ်နီညိုသည် အိန္ဒိယနိုင်ငံတွင် မိုးရွာသွန်းမှု နည်းပါးစေခဲ့သည်။ လယ်ယာထွက်ကုန်ကို ထိခိုက်စေသည်။ အခြေခံစားသောက်ကုန်များဈေးတက်သည်။ ယခုနှစ်တွင် အယ်လ်နီညိုရောက်ရှိသော်လည်း စပါးရိတ်သိမ်းမှုမှာ မတ်ထရစ်တန် ၅၁၂ ဒသမ ၅ သန်းဖြင့် တည်ငြိမ်နေမည်ဟု အမေရိကန် စိုက်ပျိုးရေးဌာနမှ ခန့်မှန်းထားသည်။

စိုက်ပျိုးရေးသုတေသနကုမ္ပဏီ The Rice Trader တည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ် Jeremy Zwinger က "ယခုအခါ ဆန်ပြတ်လပ်တာ မရှိပါဘူး" ဟု ပြောကြားသည်။ ကမ္ဘာ့လက်ကျန်ဆန် လျော့ကျမည်ဟု ခန့်မှန်းပြီး စိုးရိမ်စိတ်ဖြင့် ဝယ်ယူတင်သွင်းနေကြခြင်း ဖြစ်သည်။ Source: https://www.foodindustrydirectory.com.mm

Source: https://myantrade.gov.mm/article/naypyitaw_19062023_1109

## အိန္ဒိယနိုင်ငံသည် ဆီနီဂေါ၊ ဂန်ဘီယာနှင့် အင်ဒိုနီးရှားနိုင်ငံများသို့ ဆန်ကွဲတင်ပို့ရန်သဘောတူ

အိန္ဒိယနိုင်ငံ၊ နိုင်ငံခြားကုန်သွယ်မှုညွှန်ကြားမှုဦးစီးဌာန(DGFT)က ဆီနီဂေါ၊ ဂန်ဘီယာနှင့် အင်ဒိုနီးရှားနိုင်ငံများမှ ဆန်ကွဲတင်သွင်းရန် ကမ်းလှမ်းလာမှုအပေါ် တင်ပို့သွားရန်သဘောတူခွင့်ပြုခဲ့ကြောင်းသိရသည်။ ဆန်ကွဲတန်ချိန် မည်ရွေ့မည်မျှ တင်ပို့ရောင်းချသွားမည်ကိုမူ အတိအကျမသိရှိရသေးဘဲ၊ လွန်ခဲ့သောသုံးနှစ်တာကာလအတွင်း အဆိုပါနိုင်ငံများသို့ ဆန်မျိုးစုံ တင်ပို့ရောင်းချခဲ့ဖူးသော အိန္ဒိယပို့ကုန်လုပ်ငန်းများကိုသာ ဆန်ကွဲတင်ပို့ရန် ကိုတာများခွဲဝေပေးသွားမည်ဟု ယခုလ ၂၀ ရက်နေ့က ထုတ်ပြန်ခဲ့သည့် ၎င်း၏အမိန့်ကြော်ငြာစာ၌ ဖော်ပြထားသည်။

၂၀၂၂ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့က အိန္ဒိယနိုင်ငံမှ ဆန်ကွဲတင်ပို့မှုကို ဦးစွာပထမပိတ်ပင်ခဲ့သော်လည်း သက်ဆိုင်ရာနိုင်ငံအစိုးရများက ၎င်းတို့၏စားနပ်ရိက္ခာဖူလုံမှုလိုအပ်ချက်အရ တောင်းဆိုလာသည့်အပေါ်အခြေခံ၍ ပြန်လည် တင်ပို့ခွင့်ပြုရန် ၂၀၂၃ ခုနှစ်၊ မေလ ၂၄ ရက်နေ့က ဆုံးဖြတ်ခဲ့ကြောင်းသိရသည်။ ဆန်ကွဲတင်ပို့မှုကန့်သတ်ပိတ်ပင်ခဲ့ချိန်မတိုင်မီ လွန်ခဲ့သော ၃ နှစ်တာကာလအတွင်း အဆိုပါနိုင်ငံများသို့ ကုမ္ပဏီအလိုက်တင်ပို့ရောင်းချခဲ့သည့် ဆန်နှင့်ဆန်ကွဲမျိုးစုံ စုစုပေါင်း ပမာဏအပေါ် အချိုးကျတွက်ချက်ကာ အနိမ့်ဆုံးဆန်ကွဲတင်ပို့ရောင်းချရမည့်ပမာဏကို DGFT က သတ်မှတ်ခဲ့သည်။ ယင်း သတ်မှတ်ချက်အရ သက်ဆိုင်ရာကုမ္ပဏီများအနေဖြင့် အနည်းဆုံးဆန်ကွဲတန်ချိန် (၈၀၀၀)ထက် မနည်းသောပမာဏကို ပင်လယ်ရေကြောင်းမှ တင်ပို့ခွင့်ပြုရန် ၂၀၂၃ ခုနှစ် ဇွန်လ ၃၀ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်ဖြစ်သည်။

အဆိုပါပို့ကုန်ခွင့်ပြုချက်(ပါမစ်)သည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ သက်တမ်းရှိမည်ဖြစ်ပြီး သက်ဆိုင်ရာ ကုမ္ပဏီများအနေဖြင့် ၎င်းတို့ရရှိထားသော ကိုတာအလိုက်ဆန်ကွဲများ တင်ပို့ပြီးစီးကြောင်းအထောက်အထားကို တင်ပို့ပြီး အချိန်တစ်လအတွင်း တင်ပြရမည်ဟုဆိုသည်။ ယခုကဲ့သို့ ဆန်ကွဲတင်ပို့ရန်ခွင့်ပြုသည့်ကိစ္စ၌ အိန္ဒိယနိုင်ငံ ပြည်ပရေးရာ ဝန်ကြီးဌာန ပါဝင်ပတ်သက်နေသည့်အတွက် မဟာဗျူဟာကိစ္စတစ်ရပ်ဖြစ်နိုင်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ကြသည်။

ယမန်နှစ်က DGFT အနေဖြင့် ဆန်ကွဲတင်ပို့မှုပိတ်ပင်ခဲ့သလို ဆန်ဖြူနှင့်ဆန်ညိုတင်ပို့မှုအပေါ် ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်း အထိကောက်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အိန္ဒိယနိုင်ငံအရှေ့ပိုင်းဒေသတွင် မိုးရေရရှိမှုနည်းပါးသည့်အတွက် ဆန်စပါး စိုက်ပျိုးမှုအပေါ် ထိခိုက်စေခဲ့သည့်အတွက်ဖြစ်သည်။ ယခုနှစ် စပါးပေါ်ချိန်အပြီး ဇွန်လ ၃၀ ရက်နေ့အထိ အိန္ဒိယနိုင်ငံ၏ ဆန် ထုတ်လုပ်မှုစုစုပေါင်းမှာ တန်ချိန်သန်းပေါင်း ၁၃၅ ဒသမ ၅၄ တန်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ရည်ညွှန်း။ https://www.thehindubusinessline.com/economy/agri-business/india-approves-export-of-broken-rice-to-senegal-gambia-and-indonesia/article66994117.ece

Source: ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကော်လ်ကတ္တားမြို့

Source: https://myantrade.gov.mm/article/STP(Yangon)%2022062023%2014:%2044

## ရောင်းအားနည်း၊ ဝယ်အားများနေမှုကြောင့် အာရှဆန်ဈေးများ နှစ်နှစ်အတွင်း အမြင့်ဆုံးရောက်

အာရှတိုက် ဆန်တင်ပို့မှုထိပ်သီးနိုင်ငံတွေမှာ ဆန်ရောင်းလိုအားစိုးရိမ်ချက်တွေရှိနေတဲ့အပြင် ဝယ်လိုအားဆက်တိုက် ကောင်းနေတာကြောင့် ဇွန်လတတိယပတ် ဆန်တင်ပို့ဈေးနှုန်းတွေ နှစ်နှစ်ကျော်အတွင်း အမြင့်ဆုံးအထိ ရောက်ရှိလာသည်။

ဗီယက်နမ်ငါးမှတ်ဆန်ဈေးဟာ အရင်အပတ်က တစ်တန်ကို ၄၉၈ ဒေါ်လာ ရှိခဲ့ရာကနေ ယခုအပတ်မှာ ၂၀၂၁ ဧပြီ နောက်ပိုင်း အမြင့်ဆုံးနှုန်းအဖြစ် တစ်တန်ကို ၄၉၅ ကနေ ၅၀၅ ဒေါ်လာကြား ရောက်ရှိခဲ့သည်။

"ဗီယက်နမ်ဆန်တင်ပို့လုပ်ငန်းတွေဟာ ပို့ကုန်စာချုပ်တွေ ဖြည့်ဆည်းရောင်းချနိုင်ရေး ဆန်အလုအယက် ဝယ်ယူနေကြ ပါတယ်။ ဒါပေမဲ့ ပြည်တွင်းမှာ ဆန်ရောင်းအားနည်းနေပြီး ဆန်ဈေးတွေကို မြင့်တက်စေခဲ့ပါတယ်"လို့ ဟိုချီမင်းစီးတီးမြို့ အခြေစိုက်ကုန်သည်တစ်ဦးက ပြောပါတယ်။ ဗီယက်နမ်မှာ မိုးလေဝသ မကောင်းတာကြောင့် နွေစပါးအထွက်ဟာ မျှော်လင့် ထားသလောက် မကောင်းခဲ့ဘူးလို့ ကုန်သည်တွေကပြောသည်။

ဗီယက်နမ်ဟာ ဇွန်လပထမလဝက်အတွင်း ဆန် ၂၈၄၇၉၈ တန် တင်ပို့ထားပြီး ယခုနှစ်စကနေ ဇွန် ၁၅ ရက်အထိ တင်ပို့မှုစုစုပေါင်း တန်ချိန် ၃ ဒသမ ၉ သန်း ရှိပြီဖြစ်ကြောင်း အကောက်ခွန်ဌာနထုတ်ပြန်ချက်အရ သိရသည်။

ထိုင်းငါးမှတ်ဆန်ဈေးဟာလည်း ပြီးခဲ့တဲ့အပတ်က တစ်တန်ကို ၄၉၅ ဒေါ်လာ ရှိခဲ့ရာကနေ ယခုအပတ်မှာ နှစ်နှစ်ကျော် အတွင်း အမြင့်ဆုံးအနေနဲ့ တစ်တန် ၅၀၅ ဒေါ်လာထိရောက်ရှိခဲ့ပါတယ်။ "အင်ဒိုနီးရှားနိုင်ငံကို တင်ပို့ဖို့အတွက် ဆန်ကောက်ယူ ဖို့စောင့်နေတဲ့ သင်္ဘောတွေ ရှိပါတယ်။ ဒါပေမဲ့ ဆန်သစ်က ဈေးကွက်ထဲကို ဝင်ရောက်မလာသေးပါဘူး။ ပို့ကုန်လုပ်ငန်းတွေ အနေနဲ့ လိုအပ်တဲ့ဆန် အချိန်မီရရှိရေး အခက်တွေ့နေကြပါတယ်"လို့ ဘန်ကောက်အခြေစိုက်ကုန်သည်တစ်ဦးကပြောသည်။

ပြည်တွင်းဆန်ဈေး ကောင်းနေတဲ့အတွက် ဈေးတွေဟာ အခုနှုန်းအတိုင်း ဆက်ရှိနေနိုင်တယ်လို့ ထိုင်းကုန်သည်နောက်တစ်ဦးကပြောသည်။ ယခုနှစ် ထိုင်းဆန်တင်ပို့မှုဟာ တန်ချိန် ရှစ်သန်းကျော်နိုင်ပြီး ယခင်လျာထားချက် တန်ချိန် ခုနစ်သန်းခွဲထက် ပိုများနိုင်ကြောင်း ထိုင်းကုန်သွယ်ရေးဝန်ကြီးက ပြီးခဲ့တဲ့အပတ်တွင် ပြောထားသည်။

ဆန်တင်ပို့မှုထိပ်သီး အိန္ဒိယရဲ့ ငါးမှတ်ပေါင်းဆန်ဈေးဟာ ဇွန်လဒုတိယပတ်က တစ်တန်ကို ၃၉၁-၃၉၈ ဒေါ်လာကြား ရှိခဲ့ရာကနေ ဇွန်တတိယပတ်မှာ ၂၀၂၁ ဖေဖော်ဝါရီနောက်ပိုင်း အမြင့်ဆုံးအဖြစ် ၃၉၇-၄၀၅ ဒေါ်လာကြား ရောက်ရှိလာသည်။ "စပါးဈေးတက်နေတဲ့အတွက် ပို့ကုန်လုပ်ငန်းတွေဟာ ဆန်ဈေးကို မဖြစ်မနေမြှင့်တင်ခဲ့ရသည်။ နောက်ပြီး ဇွန်လထဲမှာ ရူပီးငွေဈေးကောင်းခဲ့တာကလည်း ဈေးတက်ဖို့အကြောင်းတစ်ခု ဖြစ်စေခဲ့ပါတယ်"လို့ နယူးဒေလီအခြေစိုက် ကုန်သည်တစ်ဦးက ပြောသည်။

အိန္ဒိယသည် တောင်သူလယ်သမားတွေဆီက ဝယ်ယူတဲ့ ကောက်သစ်စပါးဈေးကိုလည်း မကြာသေးခင်တုန်းက ခုနစ် ရာခိုင်နှုန်း မြှင့်တင်ပေးခဲ့သည်။ အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်ရဲ့ ယခုနှစ် (၂၀၂၃-၂၄ ဈေးကွက်နှစ်) ဆန်ထုတ်လုပ်မှုဟာ နှစ်အလိုက် ၁ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ပြီး တန်ချိန် ၃၈ ဒသမ ၉ သန်း ရှိနိုင်မယ်လို့ စားနပ်ရိက္ခာနဲ့ စိုက်ပျိုးရေးအဖွဲ့ (FAO) ရဲ့ ကမ္ဘာ့စားနပ်ရိက္ခာအလားအလာအစီရင်ခံစာမှာ ခန့်မှန်းထားသည်။

Ref: Asia rice: Tight supply, robust demand propels export prices to 2-year peak – Reuters

Source: https://greenwaymyanmar.com/posts/Asian_Rice_prices_soaring

## ရုရှားနိုင်ငံမှ ဆန်တင်ပို့မှုအား ယခုနှစ်ကုန်အထိ ပိတ်ပင်ရန် အဆိုပြုထား

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ စိုက်ပျိုးရေးဝန်ကြီးဌာနသည် ရုရှားနိုင်ငံမှ ဆန်နှင့်စပါးတင်ပို့မှုအား ၂၀၂၃ နှစ်ကုန်အထိ ယာယီပိတ်ပင်ထားရန် အဆိုပြုထားပြီး သက်ဆိုင်ရာအစိုးရ၏ဥပဒေမူကြမ်းကို ဖက်ဒရယ် Website တွင် ထုတ်ပြန်ထားသည်။

ရုရှားနိုင်ငံမှ ဆန်၊ စပါးတင်ပို့မှုယာယီတားမြစ်ချက်သည် ဥပဒေအသက်ဝင်သည့်နေ့မှစ၍ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်အထိ သက်တမ်းရှိမည်ဖြစ်ကြောင်း အဆိုပါဥပဒေမူကြမ်းတွင် ဖော်ပြထားသည်။ ယင်းတားမြစ်ချက်သည် ရုရှားနိုင်ငံမှ ဥရောပအာရှစီးပွားရေးသမဂ္ဂ(EAEU) အဖွဲ့ဝင်နိုင်ငံများ၊ Abkhazia ၊ South Ossetia နိုင်ငံများသို့ တင်ပို့သည့် ဆန်၊ နိုင်ငံတကာ အစိုးရအချင်းချင်း သဘောတူညီချက်များအရ တင်ပို့သည့်ဆန်များအပြင် အစိုးရ၏ဆုံးဖြတ်ချက်များအရ နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရန် ကုန်စည်များနှင့် မသက်ဆိုင်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် နိုင်ငံတကာဖြတ်သန်းသွားလာမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရုရှားနိုင်ငံမှ ပို့ဆောင်သည့် ကုန်စည်များနှင့် ပုဂ္ဂိုလ်ရေးအသုံးပြုရန်အတွက် ပြည်ပသို့တင်ပို့သည့် ဆန်များအပေါ်တွင်လည်း သက်ရောက်မှုမရှိကြောင်း ဖော်ပြထားသည်။

ရုရှားနိုင်ငံမှ အမိုင်နိုအက်ဆစ်၊ ဆန်နှင့်စပါးများတင်ပို့မှု တားမြစ်ချက်သည် ၂၀၂၂ ခုနှစ် ဇွန်လ ၃၀ ရက်တွင် အစိုးရမှ စတင်ချမှတ်ခဲ့ပြီး ဒီဇင်ဘာလ ၃၁ ရက်အထိ သက်တမ်းရှိခဲ့သည်။ ပြီးခဲ့သည့် နှစ်ကုန်ပိုင်းတွင် ရုရှားအစိုးရက ဆန်နှင့်စပါး တင်ပို့ရန်တားမြစ်ချက်ကို ၂၀၂၃ ခုနှစ် ဇွန်လ ၃၀ ရက်အထိ သက်တမ်းတိုးခဲ့သည်။ ၎င်းဆုံးဖြတ်ချက်သည် နိုင်ငံ၏စားနပ်ရိက္ခာ ဖူလုံမှုကို အာမခံရန်၊ အဆိုပါထုတ်ကုန်များအတွက် ပြည်တွင်းဈေးနှုန်းများတည်ငြိမ်စေရန်နှင့် မွေးမြူရေးနှင့် ပြုပြင်ထုတ်လုပ်သည့်လုပ်ငန်းများကို ထောက်ပံ့ကူညီရန် ရည်ရွယ်ကြောင်း သိရှိရသည်။

Source : https://tass.ru/ekonomika/18070957,

Source: ဦးခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ

Source: https://myantrade.gov.mm/article/STP(Yangon)%2022062023%2015:%2007

## ထိုင်းဆန် ဝယ်လိုအား မြင့်တက်နေ

အင်ဒိုနီးရှားနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် နိုင်ငံအများစုက ထိုင်းဆန်များကို နှစ်နိုင်ငံသဘောတူညီချက်များမှ တစ်ဆင့်ဝယ်ယူရန် စိတ်ဝင်စားလာသဖြင့် ကမ္ဘာ့ဈေးကွက်တွင် ထိုင်းဆန်ဝယ်လိုအား မြင့်တက်လျက်ရှိကြောင်း၊ ယခုနှစ်အတွင်း ဆန်တန်ချိန် ၈ သန်းကျော် တင်ပို့သွားနိုင်မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ၊ ပြည်ပကုန်သွယ်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mr. Ronnarong Phoolpipat က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံနှင့် အရေးကြီးသောကုန်သွယ်ရေး မိတ်ဖက်များအကြား ဆက်သွယ်မှု ခိုင်မာစေရေးအတွက် စေ့စပ်ဆွေးနွေးရန် အစိုးရနှင့် ပုဂ္ဂလိကမှ ကိုယ်စားလှယ်များအား ဇူလိုင်လတွင် ဖိလစ်ပိုင်သို့လည်းကောင်း၊ ဩဂုတ်လတွင် မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူနှင့် ဂျပန်နိုင်ငံများသို့လည်းကောင်း စေလွှတ်သွားရန်စီစဉ်ထားကြောင်း၊ အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်

များ၏ သက်ရောက်မှုအပေါ် ပူပန်မှုမြင့်တက်လာသည်နှင့်အမျှ အင်ဒိုနီးရှားက ပြည်တွင်းစားသုံးမှု မပြတ်တောက်စေရေးအတွက် ထိုင်းဆန်တင်သွင်းမှုကို မြှင့်တင်လိုကြောင်း ၎င်းကဆိုသည်။

အင်ဒိုနီးရှားက နှစ်နိုင်ငံအစိုးရအကြား သဘောတူညီချက်များမှတစ်ဆင့် ထိုင်းဆန်ဝယ်ယူရန် စိတ်ဝင်စားကြောင်း၊ ထိုင်းနိုင်ငံအစိုးရအနေဖြင့် ပုဂ္ဂလိကပါဝင်မှုကို ဦးစားပေးသဖြင့် ဆန်ကို ယင်းနည်းလမ်းမှတစ်ဆင့် ရောင်းချရန်မူဝါဒ မရှိသေးကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည်လည်း G2G ကို စိတ်ဝင်စားကြောင်း အခြေအနေကို ဖြည့်စွက်ရှင်းလင်းသည်။

ထိုင်းဆန်နှင့် ထိုင်း Hom Mali ဆန်များ၏ အရောင်းမြှင့်တင်ရေးအပြင် သက်သေခံအမှတ်အသားများနှင့်စပ်လျဉ်း၍ Mr. Ronnarong ၏ ဇွန် ၁၁ ရက် ၁၅ ရက်အတွင်း ဟောင်ကောင်နှင့် ပေကျင်းတို့သို့ သွားရောက်ခဲ့သည့် ခရီးစဉ်တွင် ထိုင်းဆန်၏ အရည်အသွေးနှင့် စံနှုန်းများကို ရှင်းလင်းခဲ့ကြောင်း၊ ထိုင်းဆန် တင်ပို့သူများအသင်း၏ ကိုယ်စားလှယ်များကလည်း လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်ခြင်းနှင့် တင်သွင်းခြင်းတို့တွင် ပါဝင်ဆောင်ရွက်သွားရန် တရုတ်အစိုးရပိုင်အဖွဲ့အစည်းဖြစ်သည့် Cofco Corporation နှင့် ဆွေးနွေးခဲ့ကြောင်း Mr. Ronnarong က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် တရုတ်သို့ နှစ်စဉ်ဆန်ဖြူနှင့် Hom Mali အပါအဝင် ဆန်တန်ချိန် ၆၀၀,၀၀၀ မှ ၇၀၀,၀၀၀ တင်ပို့ကြောင်း၊ ဟောင်ကောင်က Hom Mali အပါအဝင် တန်ချိန် ၁၇၀,၀၀၀ မှ ၁၈၈,၀၀၀ တင်သွင်းသဖြင့် ထိုင်း Hom Mali ဆန်အတွက် နံပါတ် ၁ နိုင်ငံခြား ဈေးကွက်တစ်ခုဖြစ်ကြောင်း၊ ဆန်ဈေးကွက်၏ ၆၀ ရာခိုင်နှုန်းကို ဟောင်ကောင်တွင် ဈေးကွက်လွှမ်းမိုးမှုရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ယခုနှစ် ပထမ ၅ လအတွင်း ဆန်တန်ချိန် ၃ ဒသမ ၄၇ သန်း တင်ပို့ပြီးဖြစ်ကြောင်း Mr.Ronnarong ၏ ပြောကြားချက်အရ သိရှိရသည်။ Source: www.bangkokpost.gov

Source: စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့

Source: https://myantrade.gov.mm/article/Naypyitawstp_260620230400

## ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စိုက်ပျိုးရေးထွက်ကုန်များ မှောင်ခိုတင်သွင်းမှု တိုက်ဖျက်ရေးကို အရှိန်မြှင့်တင်ဆောင်ရွက်

ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ မှောင်ခိုတင်သွင်းမှု တိုက်ဖျက်ရာတွင် ကြီးကြပ်ကွပ်ကဲမှုကို အရှိန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် Mr. Chakra Yodmani က ပြောကြားလိုက်သည်။

ဦးစီးဌာနအနေဖြင့် စပါးနှင့် ဆန်၊ အစိုးရမှ သိုလှောင်ထားသောဆန်၊ လတ်လတ်ဆတ်ဆတ် ပီလောပီနံများနှင့် ပီလောပီနံအပြားများ၊ ပီလောပီနံအစေ့များ သို့မဟုတ် ဖြတ်ပိုင်းများ၊ စားအုန်းဆီ၊ တိရစ္ဆာန်အစာ ပြောင်း၊ ဂျုံနှင့် မုယောၤ အုန်းသီးအရင့်များနှင့် အုန်းသီးထုတ်ကုန်များ၊ ကြက်သွန်နီနှင့် ကြက်သွန်ဖြူစသည့် လယ်ယာထွက်ကုန်သီးနှံ ၁၀ မျိုးအပေါ် ထိန်းချုပ်မည့်အစီအမံများကို အကောင်အထည်ဖော်လျက်ရှိကြောင်း အသေးစိတ်ရှင်းလင်းသည်။

ဆောင်ရွက်လျက်ရှိသည့် အစီအမံများမှာ မှောင်ခိုကုန်ကူးမှုနှင့် ခွင့်ပြုချက်မရှိဘဲ တင်သွင်းနေမှုများကို တားဆီးရန်ဖြစ်ကြောင်း၊ နယ်စပ်စစ်ဆေးရေးစခန်းများနှင့် အကောက်ခွန်စစ်ဆေးရေး စခန်းများကို ထိန်းချုပ်နယ်မြေအဖြစ် သတ်မှတ်ထားပါကြောင်း၊ ထိန်းချုပ်နယ်မြေ ပြင်ပမှ ကုန်ပစ္စည်းများ ပို့ဆောင်မည်ဆိုပါကလည်း ခွင့်ပြုချက်ရယူရန် လိုအပ်ကြောင်း၊ ပို့ဆောင်ရေးလမ်းကြောင်းတစ်လျှောက်တွင် စစ်ဆေးရေး ဂိတ်များထားရှိပြီး ခွင့်ပြုချက်များနှင့် ပမာဏများ အလွန်အကျွံ သယ်ဆောင်ခြင်းတို့ကို စစ်ဆေးရန်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကုန်စည်နှင့်ဝန်ဆောင်မှုများ၏ ဈေးနှုန်းအက်ဥပဒေအရ ကုန်စည်နှင့်ဝန်ဆောင်မှုများအပေါ် ဈေးနှုန်းသတ်မှတ်ရေး ကော်မတီက ထုတ်ကုန်နှင့် ဝန်ဆောင်မှု ၅၁ မျိုးအပေါ် ဈေးနှုန်းထိန်းချုပ်ရေးကာလသည် ၂၀၂၄ ခုနှစ် ဇွန်လတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သဖြင့် ကာလထပ်မံ သက်တမ်းတိုးသွားမည်ဖြစ်ကြောင်း၊ ဈေးနှုန်းထိန်းချုပ်မည့်စာရင်းကို အစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူသွားမည် ဖြစ်ကြောင်း Mr. Chakra ၏ ပြောကြားချက်အရ သိရှိရသည်။

Source: www.bangkokpost.gov , Source: စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့

Source: https://myantrade.gov.mm/article/Naypyitawstp_230620231015

## ရုရှားမှ တရုတ်သို့ ခဲတတ်ငွေ့တင်ပို့မှု ဒေါ်လာ ၂ ဒသမ ၈၁ ဘီလီယံထိ မြင့်တက်

ရုရှားခဲတတ်ငွေ့ပိုက်လိုင်းမှ တရုတ်နိုင်ငံသို့ ခဲတတ်ငွေ့တင်ပို့မှုတန်ဖိုးသည် ဇန်နဝါရီမှ မေလအတွင်း ဒေါ်လာ ၂ ဒသမ ၈၁ ဘီလီယံရှိပြီး နှစ်စဉ်တွက်ချက်မှုအရ ၂ ဒသမ ၁၂ ဆတိုးမြင့်လာကြောင်း တရုတ်နိုင်ငံ အထွေထွေအကောက်ခွန်စီမံခန့်ခွဲရေးဌာနက သတင်းထုတ်ပြန်ထားသည်။

ထုတ်ပြန်ချက်အရ တရုတ်နိုင်ငံသို့ ခါတ်ငွေ့ပိုက်လိုင်းရောင်းချသည့်နိုင်ငံများတွင် တာ့ခ်မင်နစ္စတန်သည် ပထမနေရာကို ဆက်လက်ရယူထားဆဲဖြစ်ပြီး ငါးလအတွင်း ပို့ဆောင်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၅ ဘီလီယံရှိပြီး ၁၃ ဒသမ ၅ ရာခိုင်နှုန်းခန့် တိုးလာခဲ့သည်။ ဒုတိယနေရာကို ရုရှားက ရယူထားပြီး ၎င်းနောက် တွင် မြန်မာက အမေရိကန်ဒေါ်လာ ၆၃၀ ဒသမ ၅၃ သန်းရှိပြီး ၂၃ ဒသမ ၁ ရာခိုင်နှုန်းခန့် တိုးလာခဲ့သည်။ ကာဇက်စတန်သည် အမေရိကန်ဒေါ်လာ ၃၀၀ ဒသမ ၁၃ သန်း(၂၅ ဒသမ ၄ ရာခိုင်နှုန်းခန့်)နှင့် ဥဇဘက်ကစ္စတန်သည် အမေရိကန်ဒေါ်လာ ၁၁၈ ဒသမ ၆၃ သန်း(၆၀ ဒသမ ၇၁ ရာခိုင်နှုန်းခန့်)သို့ အသီးသီး ကျဆင်းသွားခဲ့ကြောင်း သိရှိရသည်။

မေလ တစ်လတည်းအတွင်းတွင် ရုရှားဓာတ်ငွေ့ပိုက်လိုင်းမှ တရုတ်နိုင်ငံသို့ ဓာတ်ငွေ့တင်ပို့မှုပမာဏသည် တန်ဖိုးအမေရိကန်ဒေါ်လာ ၄၈၀ ဒသမ ၇၄ သန်းအထိ ရောက်ရှိခဲ့ပြီး ဧပြီလနှင့်နှိုင်းယှဉ်ပါက ၁၅ ဒသမ ၅ ရာခိုင်နှုန်း လျော့ကျသွားခဲ့သည်။ တရားဝင်အချက်အလက်များအရ ၂၀၂၂ ခုနှစ်တွင် ရုရှားဓာတ်ငွေ့ပိုက်လိုင်းမှ တရုတ်နိုင်ငံသို့ ပို့ဆောင်မှုသည် တန်ဖိုးအရ ၂ ဒသမ ၆၃ ဆ တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၈ ဘီလီယံအထိ ရှိခဲ့သည်။

Source : https://tass.ru/ekonomika/18067287 ,Source: ဦးခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ

Source: https://myantrade.gov.mm/article/STP(Yangon)%2022062023%2015:%2019

## စင်ကာပူနိုင်ငံနှင့် ကာတာနိုင်ငံအကြား မဟာဗျူဟာကျသည့် ရှေ့အလားအလာများကို ဖလှယ်ခဲ့ကြောင်း စင်ကာပူနိုင်ငံသမ္မတ မဒမ် Halimah Yacob က ပြောကြား

စင်ကာပူနိုင်ငံနှင့် ကာတာနိုင်ငံတို့သည်တူညီပြီး မဟာဗျူဟာကျသည့် ရှေ့အလားအလာများရှိကြောင်း၊ မိမိတို့ နှစ်နိုင်ငံသည် နိုင်ငံငယ်များဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများသည် မြေဧရိယာကြီးမားပြီး လူဦးရေပိုမိုများပြားသည့် နိုင်ငံများဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏အရွယ်အစားမှာ မည်သို့ပင်ဖြစ်စေကာမူ မိမိတို့အနေဖြင့် လိုက်လျောညီမှုရှိစွာ နေထိုင်ရမည်ဖြစ်ပြီး နိုင်ငံတကာအသိုက်အဝန်းတွင်တက်ကြွပြီး တာဝန်ယူမှုရှိသော၊ အပြုသဘောဆောင်သော အဖွဲ့ဝင်နိုင်ငံများဖြစ်စေရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း ကာတာနိုင်ငံ၊ ဒိုဟာမြို့တွင် ပြုလုပ်ခဲ့သည့် ညစာစားပွဲတွင် ပြောကြားခဲ့သည်။

သမ္မတ Halimah Yacob က စင်ကာပူနိုင်ငံနှင့် ကာတာနိုင်ငံတို့သည် လွတ်လပ်သည့် ကုန်သွယ်မှု၊ အားလုံးပါဝင်နိုင်ပြီး စည်းမျဉ်းအခြေပြုနိုင်ငံစုံကုန်သွယ်ရေးစနစ်တို့အတွက် ဆက်လက်၍ခိုင်ခိုင်မာမာထောက်ခံ သွားမည်ဖြစ်ကြောင်း သူမ၏ အရှေ့အလယ်ပိုင်းနိုင်ငံသို့သွားရောက်ခဲ့သည့် ခရီးစဉ်တွင် ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံသည် ကာတာနိုင်ငံနှင့် ၁၉၈၄ ခုနှစ်၊ နိုဝင်ဘာလတွင် သံတမန်ဆက်ဆံရေးကို ထူထောင်ခဲ့သည်။ ကာတာနိုင်ငံသည် အရှေ့အလယ်ပိုင်းတွင် စင်ကာပူနိုင်ငံ၏ တတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၂ ဘီလီယံ ရှိခဲ့သည်။ ကာတာနိုင်ငံရှိ စင်ကာပူကုမ္ပဏီများတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့အခြေခံအဆောက်အအုံ ကုမ္ပဏီ Rotary Engineering၊ Certis Cisco၊ Keppel နှင့် Daya တို့ပါဝင်သည်။

စင်ကာပူကုမ္ပဏီများနှင့် ကာတာကုမ္ပဏီများအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် စွမ်းအင်၊ စားနပ်ရိက္ခာဖူလုံရေး၊ ဆိုက်ဘာလုံခြုံရေးနှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှု စသည့်နယ်ပယ်များတွင် နားလည်မှုစာချွန်လွှာများလက်မှတ်ရေးထိုးခဲ့ပါသည်။

စင်ကာပူနိုင်ငံသည် နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ပိုမိုအလေးပေးဆောင်ရွက်လျက်ရှိပြီး နည်းပညာအခြေပြု၍ ပြည်သူကိုဝန်ဆောင်မှုပေးလျက်ရှိရာ စင်ကာပူနိုင်ငံနှင့် ကာတာနိုင်ငံအကြားတွင် နည်းပညာပူးပေါင်း ဆောင်ရွက်မှုများကို ပိုမိုအလေးပေးဆောင်ရွက်သွားဖွယ်ရှိကြောင်း သုံးသပ်ရသည်။ ရင်းမြစ်။ The Straits Times

Source: သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့

Source: https://myantrade.gov.mm/article/STP(Yangon)%2022062023%2012:%2041

## ထိုင်းနှင့် ဆော်ဒီနိုင်ငံတို့အကြား ဆက်ဆံရေးမှသည် ပိုမို မဟာဗျူဟာကျသော မိတ်ဖက်များအဖြစ်သို့

ဆော်ဒီနိုင်ငံရင်းနှီးမြှုပ်နှံမှု ဝန်ကြီး၏ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီး Mr. Don Pramudwinai နှင့် အစိုးရနှင့် ပုဂ္ဂလိကမှ အကြီးတန်းအရာရှိများပါဝင်သော ကိုယ်စားလှယ်အဖွဲ့၏ ဆော်ဒီခရီးစဉ်တွင် နှစ်နိုင်ငံအစိုးရအချင်းချင်း၊ ပုဂ္ဂလိကအချင်းချင်း နားလည်မှုစာချွန်လွှာ အခု ၃၀ ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ ယင်းသည် ၃၂ နှစ်ကြာအေးစက်နေသော ဆက်ဆံရေးကို ပြန်လည်အသက်ဝင်စေခဲ့ပြီး ထိုင်းနိုင်ငံသည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်မည့်အခွင့်အလမ်းကို ဆုပ်ကိုင်နိုင်ခဲ့သည်။ နှစ်နိုင်ငံလုံးက စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုများကို ခိုင်မာစေရေး စိတ်အားထက်သန်လျက်ရှိသည်။

အဆိုပါ ခရီးစဉ်တွင် အစိမ်းရောင်စွမ်းအင်၊ အစားအစာ၊ လယ်ယာ၊ ပန်းမန်၊ ခရီးသွား၊ ကျန်းမာရေးနှင့် အားကစား စသည့် ကဏ္ဍအသီးသီးမှ ကိုယ်စားလှယ်များစွာ ပါဝင်ခဲ့ကြသည့်အတွက် ကျေနပ်အားရဖွယ်ရှိသည့် ခရီးစဉ်ဖြစ်ကြောင်း၊ ဆော်ဒီနှင့်ပူးပေါင်း၍ ဖက်စပ်လုပ်ငန်းများစွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံကုန်သည်များအသင်းနှင့် ထိုင်းကုန်သွယ်ရေး ဘုတ်အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ Mr. Sanan Augubolkul က ထုတ်ဖော်ပြောကြားခဲ့သည်။

ထိုင်းနှင့်ဆော်ဒီအကြား နွေးထွေးသော ဆက်ဆံရေးဖြစ်နေသော်လည်း ဆော်ဒီရှိ Minor Group၊ PTT၊ Café Amazon၊ Gulf Energy၊ Indorama နှင့် Siam Cement တို့တွင် ထိုင်းလုပ်ငန်းစုကြီးများက ရင်းနှီးမြှုပ်နှံထားပြီးဖြစ်သည်။ ထိုင်းနိုင်ငံအနေဖြင့် ဘတ်သန်းပေါင်းများစွာ တန်ဖိုးရှိသောသစ်ပင်(အရှင်)များနှင့် အပင်များတင်သွင်းမည့် နိုင်ငံအစီအစဉ်မှအကျိုးများစွာ ဖြစ်ထွန်းမည်ဖြစ်သည်။

နှစ်နိုင်ငံကိုယ်စားလှယ်များက ပင်လယ်ကွေ့နှင့် အရှေ့တောင်အာရှအကြား စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အပါအဝင် နိုင်ငံသားအချင်းချင်းဆက်ဆံရေးအသစ်များ မြှင့်တင်သွားရန်ကတိပြုခဲ့သည်။ ထိုင်းနိုင်ငံ၏ တည်နေရာအနေအထား အရ ဆော်ဒီအာရေဗျ၏အမြင်တွင် ထိုင်းသည် အရှေ့တောင်အာရှနှင့် အရှေ့အာရှသို့ ရောက်ရှိနိုင်မည့် အချိတ်အဆက်နှင့် စွမ်းအင်အချက်အခြာဖြစ်သည်။

ယခုကဲ့သို့ နှစ်နိုင်ငံချစ်ကြည်ရေးမှတစ်ဆင့် ထိုင်းနိုင်ငံသည် ဆော်ဒီအာရေဗျနိုင်ငံအတွက် စီးပွားရေးနှင့် မဟာဗျူဟာကျသော မိတ်ဖက်တစ်ခု ဖြစ်လာခဲ့ပါသည်။ Source: www.bangkokpost.gov

Source: စီးပွားရေးသံမှူး ၊ ဗန်ကောက်မြို့

Source: https://myantrade.gov.mm/article/Naypyitawstp_220620231130

## ဥရောပကုမ္ပဏီ (၆) ခုက တောင်ကိုရီးယားနိုင်ငံတွင် အမေရိကန်ဒေါ်လာသန်းပေါင်း ၉၄၀ ရင်းနှီးမြှုပ်နှံသွားမည်ဟု ကတိပြုခဲ့

တောင်ကိုရီးယားနိုင်ငံသမ္မတ ယွန်ဆုခ်ယော် ပြင်သစ်နိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်တွင် ဥရောပကုမ္ပဏီ (၆) ခုက တောင်ကိုရီးယားနိုင်ငံတွင် အမေရိကန်ဒေါ်လာသန်းပေါင်း ၉၄၀ ရင်းနှီးမြှုပ်နှံသွားမည်ဟု ကတိပြုခဲ့ပါသည်။ အားပြန်သွင်း၍ရသော ဘက်ထရီ၊ ပတ်ဝန်းကျင်ကို ညစ်နွမ်းမှုမရှိစေသော ယာဉ်များနှင့် အသစ်ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စသည်တို့ကို ထုတ်လုပ်သည့် လုပ်ငန်းများတွင် တောင်ကိုရီးယားနိုင်ငံမှ ကုမ္ပဏီများနှင့်ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းမှုအဖြစ် ရင်းနှီးမြှုပ်နှံခြင်းဖြစ်ကြောင်း ဥရောပကုမ္ပဏီများက ပြောကြားခဲ့သည်။

ဥရောပကုမ္ပဏီ (၆) ခုအနက် ပြင်သစ်နိုင်ငံတွင် ရုံးချုပ်ရှိသည့် Imerys သည် အားပြန်သွင်း၍ရသော ဘက်ထရီများတွင် cathode materials များအတွက် ဖြည့်စွက်ပစ္စည်းများအဖြစ် အသုံးပြုသည့် carbon black အတွက် စက်ရုံများ ဆောက်လုပ်မည်ဖြစ်ပြီး ဘယ်လ်ဂျီယံတွင် ရုံးချုပ်ထားရှိသည့် Umicore သည်လည်း Anode ပစ္စည်းများအတွက် စက်ရုံများဆောက်လုပ်ရန်နှင့် တောင်ကိုရီးယားနိုင်ငံတွင် သုတေသနဗဟိုဌာန (R&D center) တစ်ခု ထူထောင်သွားရန် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်။ ကားအပိုပစ္စည်းများထုတ်လုပ်သည့် နာမည်ကြီး Continental ကလည်း ခေတ်မီအီလက်ထရောနစ် အစိတ်အပိုင်းများ ထုတ်လုပ်သည့်စက်ရုံများ ထူထောင်မည်ဖြစ်ပြီး ဗြိတိန်နိုင်ငံရှိ Nylacast ကလည်း ၎င်း၏ရင်းနှီးမြှုပ်နှံမှုများကို ခေတ်မီပိုလီမာ စက်ရုံများအဖြစ် ပြောင်းလဲတည်ထောင်သွားမည်ဖြစ်သည်။ စွမ်းအင်ကုမ္ပဏီများဖြစ်ကြသည့် Equinor နှင့် CIP တို့ကလည်း တောင်ကိုရီးယားနိုင်ငံ၏ ကမ်းလွန်လေစွမ်းအင်ထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်။

အဆိုပါ ကုမ္ပဏီတစ်ခုစီက မည်၍မည်မျှ ရင်းနှီးမြှုပ်နှံသွားမည်ကို တောင်ကိုရီးယားနိုင်ငံအစိုးရက တရားဝင်ထုတ်ဖော် မပြောသော်လည်း စုစုပေါင်းအမေရိကန်ဒေါ်လာ သန်းပေါင်း ၉၄၀ ရှိပါသည်။ တောင်ကိုရီးယားနိုင်ငံသည် နိုင်ငံခြားသားများ ရင်းနှီးမြှုပ်နှံရန်အတွက် အကောင်းဆုံးနိုင်ငံဖြစ်ရေးနှင့် ပြည်တွင်းအလုပ်အကိုင် ဖန်တီးပေးရေးတို့အတွက် ကြိုးပမ်းသွားမည် ဖြစ်ပါကြောင်း၊ ကမ္ဘာ့စံချိန်စံညွှန်းများနှင့်မညီသည့် ပြည်တွင်းစည်းမျဉ်းစည်းကမ်းများကိုလည်း ဖယ်ရှားသွားမည်ဖြစ်ပါကြောင်းနှင့် တည်ငြိမ်သော အထောက်အပံ့ကွင်းဆက်နှင့် ခေတ်ရှေ့ပြေးသော လုပ်ငန်းများတွင်ပါဝင်သည့် ကုမ္ပဏီများ အတွက်လည်း မက်လုံးများပေးမည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူများ အခက်အခဲရှိပါက အစိုးရသိအောင်ပြောစေလိုပါကြောင်း တောင်ကိုရီးယားနိုင်ငံသမ္မတ ယွန်ဆုခ်ယော်က ပြင်သစ်တွင်ကျင်းပသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခမ်းအနားတွင် ပြောကြားခဲ့သည်။ Source: https://www.koreatimes.co.kr/www/nation/2023/06/120_353417.html

Source: စီးပွားရေးသံမှူး၊ ဆိုးလ်မြို့, Source: https://myantrade.gov.mm/article/Naypyitawstp_220620230430

## ဗီယက်နမ်နိုင်ငံ၏ အစေ့မဲ့ လိုက်ချီး ဂျပန်နိုင်ငံနှင့် ယူကေနိုင်ငံသို့ တင်ပို့

ပြည်ပမှ တင်သွင်း၍ မြေဧရိယာ ၃၀ ဟက်တာတွင် လိုက်ချီးစမ်းသပ်စိုက်ပျိုးခဲ့ရာ အသီးအထွက်နှုန်း မြင့်မားခဲ့ပြီး ၁,၁၀၀ ကီလိုဂရမ်ကို ဂျပန်နှင့် ယူကေသို့ တင်ပို့ခဲ့သည်။ ပုံမှန် လိုက်ချီးများထက် သကြားနည်းသည်။ ဆီးချိုရောဂါရှိသူများ စားသုံးနိုင်သည်။ ရောင်းဈေးမှာ သာမန်လိုင်ချီးထက် အဆ ၂၀ မြင့်သည်။ ဗီယက်နမ်နိုင်ငံတွင် မစိုက်ပျိုးမီက ဗီယက်နမ်ကုန်သည်များသည် ဂျပန်မှ သွင်းကုန်များကို တစ်ကီလိုလျှင် ဒေါင် ၅ သန်းအထိ ဈေးနှုန်းအမြင့်ဖြင့် ရောင်းချလေ့ရှိသည်။

Ho Guom – Song Am High Tech Agriculture ကုမ္ပဏီက စိုက်ပျိုး ထုတ်လုပ်သည်။ တိုးချဲ့ စိုက်ပျိုးရန် ၁,၀၀၀ ဟက်တာ လျာထားသည်။ လက်ရှိ ၃၀ ဟက်တာ လိုက်ချီးခြံသည် ဖွန်လကုန်အထိ ၁၅ တန် ထုတ်လုပ် ခဲ့သည်။ မြောက်ပိုင်းမှ Bac Giang ပြည်နယ်တွင် ၂၀၁၉ ခုနှစ်မှာ အစေ့မဲ့ လိုက်ချီးပင် ၅၀၀ ကျော်ကို စိုက်ပျိုးခဲ့ပြီး ယခင်နှစ်တွင် အထွက်နှုန်း မြင့်မားခဲ့သည်။ သို့သော် စမ်းသပ်သုတေသနအဆင့်တွင်သာ ရှိနေသေးသည်။ စီးပွားဖြစ် ထုတ်လုပ်ခြင်း မပြုသေးပါ။

Source: https://www.foodindustrydirectory.com.mm

Source: https://myantrade.gov.mm/article/naypyitaw_19062023_1118

## ဂျာမနီနိုင်ငံ၊ ဘာလင်မြို့တွင် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းကျင်းပမည့် FRUIT LOGISTICA 2024 သို့ စိတ်ပါ ဝင်စားသူများပါဝင်ပြသနိုင်

FRUIT LOGISTICA 2024 ကို Messe Berlin မှ ကြီးမှူး၍ ဂျာမနီနိုင်ငံ၊ ဘာလင်မြို့တွင် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်မှ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပါသည်။ ကမ္ဘာ့အရေးကြီးဆုံး လတ်ဆတ်သစ်သီးဝလံ ကုန်စည်ပြပွဲကြီးဖြစ်ပြီး "The heartbeat of the fresh produce business" ဟူသောဆောင်ပုဒ်ဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် မျိုးစေ့၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များအတွက် တိုးတက်ဖြစ်ထွန်းစေမည့် နည်းလမ်းများ၊ အလိုအလျောက်ထုပ်ပိုးနိုင်မည့် ဝန်ဆောင်မှုများနှင့် နည်းပညာပိုင်းဆိုင်ရာ လုပ်ဆောင်ချက်များအား ပြသထားမည်ဖြစ်ရာ ယင်းပြပွဲသို့ ပါဝင်ပြသခြင်း၊ လာရောက်လေ့လာခြင်းဖြင့် Value Chain တစ်လျှောက် ကုန်စည်ထုတ်လုပ်သူများ ရင်ဆိုင်ကြုံတွေ့နေကြရသည့် အခက်အခဲများအတွက် ဖြေရှင်းနိုင်မည့် နည်းလမ်းများကို လေ့လာသိရှိနိုင်မည်ဖြစ်သည်။

နိုင်ငံပေါင်း(၉၀)ကျော်မှ ပြပွဲသို့လာရောက်ပြသကြမည့်သူများနှင့် နိုင်ငံပေါင်း(၁၄၀)မှလာရောက် လေ့လာသူ trade visitor များသည် ဘာလင်မြို့တွင် တစ်နေရာတည်း၌ ဆုံတွေ့ကြရမည်ဖြစ်ရာ နောက်ဆုံးပေါ် နည်းပညာများနှင့် ဆန်းသစ်တီထွင်မှုများအတွက် Business Network များ ရရှိနိုင်ပြီး ထုတ်လုပ်သူများအတွက် ကမ္ဘာ့ဈေးကွက်သို့ တိုက်ရိုက်ဝင်ရောက်နိုင်ရေးကို များစွာအထောက်အကူ ဖြစ်စေနိုင်မည်ဖြစ်သည်။

ပြပွဲသို့လာရောက်ပြသမည့်သူများအနေဖြင့် Exhibitor Portal တွင် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် နောက်ဆုံးထား၍ Stand Registration များ ပြုလုပ်နိုင်ပါကြောင်းနှင့် လာရောက်လေ့လာလိုသူ Trade Visitor များအနေဖြင့်လည်း Admission Ticket များကို FRUIT LOGISTICA Team(သို့မဟုတ်) သက်ဆိုင်ရာနိုင်ငံများရှိ contact person များမှတစ်ဆင့် ဝယ်ယူနိုင်ပါကြောင်းသိရှိရသည်။

Source: https://asp.fruitlogistica.com/en/home/, https://www.fruitlogistica.com/en/exhibitors/

Source: စီးပွားရေးသံမှူး၊ ဘာလင်မြို့, Source:https://myantrade.gov.mm/article/Naypyitawstp_220620230356

## ဖိလစ်ပိုင်နိုင်ငံ၏ပို့ကုန်တိုးမြှင့်ရေးအစီအစဉ် (၂၀၂၃-၂၀၂၈) အရ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၄၀ ဘီလီယံထိ ရရှိရန်မျှော်မှန်း

ဖိလစ်ပိုင်နိုင်ငံသမ္မတ Ferdinand R.Marcos Jr; မှ ဖိလစ်ပိုင်နိုင်ငံ၏ ပို့ကုန်တိုးမြှင့်ရေး အစီအစဉ် (2023-2028 Philippines Export Development Plan-PEDP) အား ၁၅-၆-၂၀၂၃ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး အဆိုပါအစီအစဉ်အရလာမည့် ၆ နှစ်တာကာလအတွင်း ဖိလစ်ပိုင်နိုင်ငံ၏ အဓိကပို့ကုန်ကဏ္ဍ ၈ ခု မှ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၄၀ ဒသမ ၅ ဘီလီယံထိ ရရှိရန် မျှော်မှန်းထားပါကြောင်း ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်တွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂၆ ဒသမ ၈ ဘီလီယံအား စတင်ရရှိရန်နှင့် ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၄၃ ဒသမ ၄ ဘီလီယံ၊ ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၆၃ ဒသမ ၆ ဘီလီယံ၊ ၂၀၂၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၈၆ ဒသမ ၇ ဘီလီယံ၊ ၂၀၂၇ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၂၁၂ ဒသမ ၁ ဘီလီယံ၊ နောက်ဆုံးသတ်မှတ်

ထားသည့် ၂၀၂၈ ခုနှစ်တွင် မျှော်မှန်းတွက်ချက်ထားသည့် အမေရိကန် ဒေါ်လာ ၂၄၀ ဒသမ ၅ ဘီလီယံအထိ အသီးသီးရရှိရန် မျှော်မှန်းထားကြောင်း PEDP တွင် ဖော်ပြထားကြောင်း သိရှိရသည်။

အဓိကပို့ကုန်ကဏ္ဍ ၈ ခုမှာ အီလက်ထရောနစ်၊ နည်းပညာ၊ သတ္တုတွင်း၊ စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေး ကိုအခြေခံသည့် ပို့ကုန်၊ ပို့ဆောင်ဆက်သွယ်ရေးပစ္စည်း၊ ဖက်ရှင်နှင့် ခရီးဆောင်ပစ္စည်းများ၊ ဓာတုပစ္စည်းများနှင့် အိမ်ထောင်ပရိဘောဂပစ္စည်းများထုတ်လုပ်သည့် လုပ်ငန်းတို့ဖြစ်ပြီး ၂၀၂၈ ခုနှစ်တွင် အဆိုပါကဏ္ဍများ၏ ပို့ကုန်ရငွေမှာ စုစုပေါင်းပို့ကုန်တန်ဖိုး၏ ၈၈ ဒသမ ၅ ရာခိုင်နှုန်း၊ အမေရိကန်ဒေါ်လာ ၂၁၃ ဘီလီယံထိ ရရှိရန် မျှော်မှန်းထားကြောင်း ဖော်ပြပါရှိသည်။

နည်းပညာလုပ်ငန်းကဏ္ဍ (IT-BPM) မှ ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၁ ဘီလီယံ ရရှိရာမှ သတ်မှတ်ထားသည့် ၆ နှစ်ကာလဖြစ်သည့် ၂၀၂၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၃ ဒသမ ၂ ဘီလီယံထိ ရရှိ ရန်မျှော်မှန်းထားသည့် နည်းတူ အီလက်ထရောနစ်ပစ္စည်းများ တင်ပို့သည့်လုပ်ငန်းကဏ္ဍအနေဖြင့် အကြီးမားဆုံးကဏ္ဍတွင် ဆက်လက်တည်ရှိနေစေရန်နှင့် ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၇၆ ဘီလီယံရရှိရာမှ ၂၀၂၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၆ ဒသမ ၄ ဘီလီယံ ထိ ရရှိရန်မျှော်မှန်းထားကြောင်းလည်း သိရှိရသည်။

သတ္တုတွင်းလုပ်ငန်းကဏ္ဍမှ ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၇ ဘီလီယံ မှ ၂၀၂၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၄ ဘီလီယံထိ ရရှိရန်လည်းကောင်း၊ စိုက်ပျိုးရေးကဏ္ဍမှ အမေရိကန် ဒေါ်လာ ၅ ဒသမ ၁ ဘီလီယံ မှ ၂၀၂၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၉ ဘီလီယံထိ ရရှိရန်လည်းကောင်း၊ ပို့ဆောင်ရေးကဏ္ဍမှ အမေရိကန် ဒေါ်လာ ၄ ဒသမ၂ ဘီလီယံမှ ၂၀၂၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ ဘီလီယံထိ စသည်ဖြင့် အသီးသီးတိုးမြှင့်ရရှိရန် ရည်မှန်းထားသည်။

အလားတူ ဖက်ရှင်နှင့်ခရီးဆောင်ပစ္စည်းများထုတ်လုပ်သည့်ကဏ္ဍမှ အမေရိကန် ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံ မှ ၂၀၂၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံ၊ ဓာတုပစ္စည်းထုတ်လုပ်သည့်ကဏ္ဍမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံမှ ၂၀၂၈ ခုနှစ် တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံ၊ အိမ်ထောင် ပရိဘောဂပစ္စည်းများ ထုတ်လုပ်သည့်ကဏ္ဍမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ မှ ၂၀၂၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံထိ ရရှိရန်လည်း မျှော်မှန်းထားသည်။

အထက်ဖော်ပြပါ အဓိကပို့ကုန်ကဏ္ဍ ၈ ခုအတွက် ဦးစားပေးလုပ်ငန်းကဏ္ဍ ၄ ရပ် သတ်မှတ်ထားပြီး လုပ်ငန်းစဉ်အသီးသီးအား မတူကွဲပြားခြားနားသော မဟာဗျူဟာများ ချမှတ်၍ PEDP 2023-2028 အား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်ပို့ကုန်ဌာန၏ ဥက္ကဋ္ဌ ဖြစ်သူ Sergio Ortiz-Luis Jr မှ ပြောကြားခဲ့သည်။

ဦးစားပေးလုပ်ငန်းကဏ္ဍ ၄ ရပ်မှာ စက်မှု၊ ကုန်ထုတ်လုပ်မှုနှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ (IMT)၊ နည်းပညာ၊ မီဒီယာနှင့်ဆက်သွယ်ရေးကဏ္ဍ (TMT)၊ ကျန်းမာရေးနှင့်လူမှုဘဝကဏ္ဍ (HLS)၊ ခံနိုင်စွမ်းရှိသောစီးပွားရေးကဏ္ဍ (MBNRE) ဖြစ်ရန်အတွက် အခြေခံလိုအပ်ချက်များအား ကဏ္ဍအသီးသီးအလိုက် အစိုးရမှထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းနှင့် စတုတ္ထကဏ္ဍဖြစ်သည့် MBNRE ဖြစ်ပေါ်လာစေရန်အား အထူးအလေးထားဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများပါဝင်လာရန်မှာ လွန်စွာအရေးကြီးပြီး တန်ဖိုးမြင့်ကုန်ပစ္စည်းများအား ထုတ်လုပ်လာနိုင်ရန်လည်း ကူညီထောက်ပံ့ပေးသွားမည်ဖြစ်သည်။

ကျန်ကဏ္ဍ ၃ ခုမှာ အစကတည်းက ကြီးမားသောကဏ္ဍတစ်ခုအသွင် ရှိနေပြီးဖြစ်ကြောင်းလည်း မှတ်ချက်ပြုပြောကြားခဲ့သည်။ MBNRE ကဏ္ဍအား ပံ့ပိုးပေးခြင်းသည် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား ပံ့ပိုးပေးခြင်းကဲ့သို့ပင်ဖြစ်စေပြီး ၎င်းစီးပွားရေးလုပ်ငန်းများမှ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်း အများစုအတွက် အကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

ဦးစားပေးလုပ်ငန်းကဏ္ဍ ၄ ရပ်ထဲမှ MBNRE ကဏ္ဍမှာ စုစုပေါင်း ပို့ကုန်တန်ဖိုးတွင် ကြီးမားသော အစိတ်အပိုင်း တစ်ခုအဖြစ် မပါဝင်သော်လည်း အဆိုပါကဏ္ဍတွင်ပါဝင်ဆောင်ရွက်နေရသူများမှာ ခက်ခဲသည့် အချိန်များတွင်လည်း ကြံ့ကြံ့ခံရင်ဆိုင်နိုင်ခဲ့ကြောင်း သက်သေပြနေပါကြောင်း၊သို့ပါ၍ ပုဂ္ဂလိကကဏ္ဍမှာ အထောက်အပံ့အလွန် လိုအပ်နေသည့် အဖွဲ့အစည်းဖြစ်ကြောင်း PEDP 2023-2028 တွင် ဖော်ပြပါရှိသည်။

Source; https://mb.com.ph/2023/6/14/new-6-year-pedp-targets-240-b-exports-by-2028-by-bernie-cahiles-magkilat , Source: စီးပွားရေးသံမှူး၊ မနီလာမြို့,

Source: https://myantrade.gov.mm/article/Naypyitawstp_150620230235

## အစားအစာများဘေးကင်းလုံခြုံစေရန် ပြည်ပမှတင်သွင်းသော အစားအစာများအတွက် သတ်မှတ်ချက်များနှင့် စံချိန်စံညွှန်းများကို ပြန်လည်ပြင်ဆင်သည့် အဆိုပြုလွှာအား ဂျပန်နိုင်ငံက ပေးပို့ခဲ့

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်ဖြစ်သည့် ဂျပန်နိုင်ငံသည် ၎င်းနိုင်ငံအတွင်းသို့ တင်သွင်းသည့် အစားအစာများ ဘေးကင်းလုံခြုံစေရန်အတွက် သတ်မှတ်ချက်များနှင့် စံချိန်စံညွှန်းများကို ပြန်လည်ပြင်ဆင်သည့် အဆိုပြုလွှာ အား ၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ အသိပေးအကြောင်းကြားစာ ပေးပို့ထားသည်ကို Central Registry of Notifications (CRN) ၏ web interface မှတစ်ဆင့် သိရှိရသည်။

အစားအစာသန့်ရှင်းရေးဥပဒေ (စိုက်ပျိုးရေးဓာတုဓာတ်ကြွင်းစံနှုန်းများ ပြန်လည် ပြင်ဆင်ခြင်း) အရ ဂျပန်နိုင်ငံသည် ငါးနှင့်အခွံမာ ရေနေသတ္တဝါများ၊ ခရုများနှင့် အခြားရေနေကျောရိုးမဲ့သတ္တဝါများ၊ စားသုံးနိုင်သော ဟင်းသီးဟင်းရွက်များနှင့် အချို့သော သစ်မြစ်များနှင့် သစ်ဥများ၊ စားသုံးနိုင်သော အသီးအနှံများနှင့် အခွံမာသီးများ၊ အသီးအနှံများ၏ အခွံများ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ ကောက်ပဲသီးနှံများ၊ အဆီအနှစ်နှင့် နွယ်ပင်အသီးအနှံများ၊ အစေ့အဆန်များ၊ မျိုးစေ့နှင့်အသီးတို့ တင်ပို့ရာတွင် Inpyrfluxam ဓာတုပစ္စည်းအများဆုံး ကြွင်းကျန်မှုကို ကန့်သတ်မည့် စံချိန်စံညွှန်းဆိုင်ရာ အဆိုပြုလွှာကို ပေးပို့ခဲ့သည်။ အဆိုပါအဆိုပြုချက် အပေါ် သဘောထားမှတ်ချက်ပေးပို့လိုပါက ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့ထိ ပေးပို့နိုင်ပြီး အဆိုပြုချက်ကို သဘောတူလက်ခံ၍ ဖြန့်ဝေမည့်ရက်အား သဘောထားမှတ်ချက်ပေးသည့်ရက် ကုန်ဆုံးပြီးနောက် ဆောလျင်စွာ ထုတ်ပြန်မည်ဖြစ်ကြောင်းသိရှိရသည်။ စတင်ကျင့်သုံးမည့်ရက်အား အတိအကျဖော်ပြထားခြင်းမရှိသော်လည်း ကန့်သတ်မည့် စံချိန်စံညွှန်းအား အတည်ပြုပြီးနောက် စတင်ကျင့်သုံးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါဂျပန်နိုင်ငံမှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ အသိပေးအကြောင်းကြားစာ ပေးပို့လာသည့် အစားအစာ များအတွက် သတ်မှတ်ချက်များနှင့် စံချိန်စံညွှန်းများကို ပြန်လည်ပြင်ဆင်သည့် အဆိုပြုလွှာနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား စိတ်ပါဝင်စားသည့် တင်ပို့သူ၊ ကုန်သည်/ လုပ်ငန်းရှင်များအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ https://docs.wto.org/dol2fe/ Pages/SS/directdoc.aspx?filename=q:/G/SPS/ NJPN1206.pdf&Open=True ၌ ဝင်ရောက် ကြည့်ရှုနိုင်မည်ဖြစ်သည်။ Source: https://commerce.gov.mm,

Source: https://myantrade.gov.mm/article/naypyitaw_14062023_1248

## အိန္ဒိယနိုင်ငံတွင် မုတ်သုံရာသီစတင်မှု နောက်ကျသောကြောင့် ဆီထွက်သီးနှံစိုက်ပျိုးမှုကို နှောင့်နှေးမှု ဖြစ်နေ

အိန္ဒိယနိုင်ငံတွင် မိုးဦးကာလမိုးရွာသွန်းမှုမှာ ပုံမှန်ထက်နည်းပါးသောကြောင့် ပြည်နယ်အားလုံးသည် စိုးရိမ်မှုများ စတင်ဖြစ်ပေါ်လျက်ရှိကြောင်း၊ သို့ရာတွင် အိန္ဒိယမိုးလေဝသဌာနက လာမည့်ရက်အနည်းငယ်အတွင်း မုတ်သုံရာသီမှာ ပုံမှန်ဖြစ်လာပြီး ဇူလိုင်လလယ်ခန့်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မိုးရွာသွန်းမှု လုံလုံလောက်လောက်ရှိလာမည်ဟု မျှော်လင့်လျက်ရှိပါကြောင်းနှင့် Solvent Extractors Association (SEA)မှ ၎င်း၏အဖွဲ့ဝင်များသို့ အကြောင်းကြားသည့်စာတွင် မိုးဦးပိုင်း မိုးရွာသွန်းမှုနည်းပါးသောကြောင့် လက်ရှိမိုးသီးနှံ စိုက်ပျိုးသည့်ရာသီချိန်၌ ဆီထွက်သီးနှံစိုက်ပျိုးမှုကို နှောင့်နှေးမှုများဖြစ်ပေါ်စေကြောင်းနှင့် ယင်းသည် သီးနှံထွက်ရှိမှုကို သက်ရောက်မှုရှိနိုင်သည်ဟု ဖော်ပြထားကြောင်း Business Standards သတင်းစာတွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံသည် ပြီးခဲ့သည့်စိုက်ပျိုးရေးနှစ်တွင် ဆီထွက်သီးနှံဟက်တာပေါင်း ၀ ဒသမ ၄၈ သန်း စိုက်ပျိုး ခဲ့သော်လည်း ယခုနှစ်တွင် ပြီးခဲ့သည့်အပတ်အထိ ဟက်တာပေါင်း ၀ ဒသမ ၄၁ သန်းသာ စိုက်ပျိုးထားရှိ သေးကြောင်း၊ Kerela ပြည်နယ်တွင် မုတ်သုံရာသီစတင်မှုမှာ တစ်ပတ်ခန့်နောက်ကျခဲ့သကဲ့သို့ အခြားသော ပြည်နယ်အများစုတွင်လည်း မုတ်သုံရာသီစတင်မှု နောက်ကျခဲ့ခြင်းကြောင့် သီးနှံစိုက်ပျိုးမှုများနှောင့်နှေးခဲ့သည်ဟု SEA ဥက္ကဋ္ဌဖြစ်သူ Ajay Jhunjhunwala က ပြောကြားထားကြောင်းသိရှိရသည်။ Source : Business –Standard news, slow progress of monsoon causing delay in sowing of oilseeds – SEA, June 22, 2023., Source: မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့

Source: https://myantrade.gov.mm/article/STP(Yangon)%2027062023%2013:%2006

# ပြည်တွင်းကုန်သွယ်မှုသတင်း

## မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် တရုတ်နိုင်ငံ ဟူနန်ပြည်နယ် ဟွိုင်ဟွာမြို့မှ စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူနန်ပြည်နယ်၊ ဟွိုင်ဟွာမြို့ကွန်မြူနစ်ပါတီကောင်စီ အတွင်းရေးမှူး Mr. Xu Zhong jiang ဦးဆောင်သော ဟွိုင်ဟွာ စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံဆန်စပါး

အသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်ဦးဆောင်သော ဆန်စပါးကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲကို ၂၀၂၃ခုနှစ် ဇွန်လ(၂၀) ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

တွေ့ဆုံပွဲသည် တရုတ် – မြန်မာ နှစ်နိုင်ငံ ဆန်စပါး၊ မျိုးစေ့နှင့် စိုက်ပျိုးရေးထွက်ကုန် ၊ ရေထွက်ကုန်များ အပြန်အလှန် တင်ပို့နိုင်ရေး၊ တရုတ်-မြန်မာနှစ်နိုင်ငံအကြား အကျိုးရှိမည့် လုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ ဟူနန် ပြည်နယ်သည် ဆန်စပါးစိုက်ပျိုးထုတ်လုပ်သည့် အလွန်အားကောင်းသည့် ဒေသဖြစ်သည့်အတွက် မြန်မာနိုင်ငံ ဆန်စပါး ကုန်သွယ်မှုဆိုင်ရာများကို တက်ရောက်လာသည့် နှစ်နိုင်ငံလုပ်ငန်းရှင်များက ဆွေးနွေးခဲ့ကြသည်။

တရုတ်နိုင်ငံ၊ ဟူနန်ပြည်နယ်၊ ဟွိုင်ဟွာမြို့သည် တရုတ်နိုင်ငံ OBOR စီမံကိန်း၏ အနောက်ဘက် လမ်းကြောင်း ပေါ်တွင်တည်ရှိပြီး အာဆီယံနိုင်ငံများဖြစ်သည့် ဗီယက်နမ်၊ ထိုင်းနှင့် လာအိုနိုင်ငံတို့မှ လယ်ယာထွက်ကုန်များကို တရုတ်နိုင်ငံသို့ နယ်စပ်ဖြတ်ကျော် မီးရထားလမ်းမှတစ်ဆင့် တင်သွင်းလျက်ရှိကြောင်း သိရသည်။

Source:https://www.umfcci.com.mm/news_preview_detail.php?action=news_detail1&news_id=NGF0aWw0Mnp5Q0pjVlZLMnRXM3p1QT09

## တရုတ်နယ်စပ်ကုန်သွယ်ရေးတွင် သွင်းကုန်လုပ်ငန်းများအား ဘဏ်စနစ်အသုံးပြုပြီး ငွေပေးချေ ဆောင်ရွက်ရန်ကိစ္စ ထုတ်ပြန်

နယ်စပ်ကုန်သွယ်မှုကိစ္စရပ်များအား ဘဏ်စနစ်ဖြင့် ဆောင်ရွက်ခြင်းကို ကနဦးအဆင့်အနေဖြင့် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးတွင် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် စတင်ကျင့်သုံးဆောင်ရွက်ခဲ့သည်။

ဒုတိယအဆင့်အနေဖြင့် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးတွင် ဘဏ်စနစ်ဖြင့် ဆောင်ရွက်ခြင်းကို ၂၀၂၃ ခုနှစ်၊ သြဂုတ်လ ၁ ရက်နေ့မှ စတင်ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဤသို့ဆောင်ရွက်ရာတွင် သွင်းကုန်ပစ္စည်းများတင်သွင်းမှုအတွက် တစ်ဖက်နိုင်ငံသို့ ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့်ဝင်ငွေ၊ အခြားဝင်ငွေများနှင့် ပြည်တွင်းဘဏ်မှဖြစ်စေ ဝယ်ယူရရှိထားသော ငွေစာရင်းလက်ကျန် (ယွမ်ငွေ)ကိုအသုံးပြု တင်သွင်းခွင့်ပြုမည်ဖြစ်ပါသည်။ သွင်းကုန်တင်သွင်းသူများအနေဖြင့် အဆိုပါရငွေများကို အသုံးပြုကာ သက်ဆိုင်ရာဘဏ်များမှတစ်ဆင့် သွင်းကုန်အတွက် ငွေပေးချေမှုများကို ပေးချေဆောင်ရွက်ရမည် ဖြစ်သည်။

မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှုများဆောင်ရွက်ရာတွင် ကုန်စည်တင်သွင်းမှုများအတွက် ဖော်ပြပါအတိုင်း စိစစ်ခွင့်ပြုပါမည်။ သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် ကုမ္ပဏီများအနေဖြင့် မိမိ၏ ဘဏ်ငွေစာရင်းသို့ ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့်ဝင်ငွေ(သို့မဟုတ်) အခြားဝင်ငွေဝင်ရောက်ကြောင်း (သို့မဟုတ်) ပြည်တွင်းဘဏ်မှ ဝယ်ယူထားကြောင်း သက်ဆိုင်ရာဘဏ်မှထုတ်ပေးသည့်အထောက်အထား (Credit Advice) နှင့် ဘဏ်ငွေစာရင်းရှင်းတမ်း (Bank Statement) မူရင်းတို့ကို ပူးတွဲကာ ကုန်သွယ်ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ ကုန်သွယ်ရေးဦးစီးဌာနသည် သွင်းကုန်တင်သွင်းလိုသည့် ကုမ္ပဏီကတင်ပြလာသော ပို့ကုန်မှရရှိသည့် ဝင်ငွေ (သို့မဟုတ်) အခြားဝင်ငွေဝင်ရောက်မှု (သို့မဟုတ်) ပြည်တွင်းဘဏ်မှ ဝယ်ယူထားမှုပမာဏကို စိစစ်၍ ဘဏ်ငွေစာရင်းလက်ကျန်ပမာဏထက် မကျော်လွန်ဘဲ သွင်းကုန်လိုင်စင်ကို ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်သည်။

ဤသို့ဆောင်ရွက်ရာတွင် ၂၀၂၃ ခုနှစ်၊ သြဂုတ်လ ၃၀ ရက်နေ့အထိ ကာလအတွင်း လျှောက်ထားပြီးဖြစ်သည့် သွင်းကုန်လိုင်စင်လျှောက်ထားမှုများ အကျုံးဝင်ခြင်းမရှိပါ။ အဆိုပါနေ့ရက်မတိုင်မီ ထုတ်ပေးပြီးဖြစ်သည့် သွင်းကုန်လိုင်စင်များဖြင့် ကုန်ပစ္စည်းတင်သွင်းမှုကို ၂၀၂၃ ခုနှစ်၊ သြဂုတ်လ ၃၁ ရက်မတိုင်မီ ပြီးပြတ်အောင်တင်သွင်းကြရန်နှင့် အဆိုပါသတ်မှတ်ကာလအတွင်း တင်သွင်းနိုင်ခြင်းမရှိပါက သွင်းကုန်စင်ပျက်ပြယ်မည်ဖြစ်သည်။

ထိုသို့ တင်သွင်းခွင့်ပြုရာတွင် ပို့ကုန်မှ ရရှိသည့်ဝင်ငွေနှင့် အခြားဝင်ငွေ ဝင်ရောက်မှုများနှင့် ပတ်သက်၍ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ နောက်ပိုင်းဝင်ရောက်သည့် ဝင်ငွေကိုသာ အသုံးပြုဆောင်ရွက်ခွင့်ပြုမည် ဖြစ်ပါသည်။

မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးတွင် ပို့ကုန်တင်ပို့သည့်ကုမ္ပဏီသည် ရရှိသည့်ပို့ကုန်ဝင်ငွေကို မိမိကိုယ်တိုင် သွင်းကုန်တင်သွင်းခြင်းကိုဖြစ်စေ၊ အခြားကုမ္ပဏီတစ်ခုခုသို့ လွှဲပြောင်းပေး၍ သွင်ကုန်တင်သွင်းခြင်းကိုဖြစ်စေ ဆောင်ရွက်နိုင်သည်။ အဆိုပါပို့ကုန်မှရရှိသည့် ဝင်ငွေကို အသုံးပြု၍ သွင်းကုန်ပစ္စည်းတင်သွင်းရာတွင် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုခုမှ အခြားတစ်ခုခုသို့ လွှဲပြောင်းသုံးစွဲနိုင်သည်။

Source: https://www.commerce.gov.mm/

## မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့နယ်ဒေသအချို့အတွက် ခွာနာလျှာနာ ကူးစက်ပျံ့နှံ့ခြင်းဆိုင်ရာ တားမြစ်ခြင်းအမိန့် ဖျက်သိမ်းခြင်း

မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့နယ်ဒေသအချို့အတွက် ခွာနာလျှာနာကူးစက် ပျံ့နှံ့ခြင်းဆိုင်ရာ တားမြစ်ခြင်းအမိန့်များကို ဖျက်သိမ်းကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနတို့မှ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁၄) ရက်တွင် အမိန့်ကြော်ငြာစာအမှတ်စဉ်(၉၁)ဖြင့် ထုတ်ပြန်ခဲ့ကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ Website တွင် ထုတ်ပြန်ကြေညာထားပါသည်။

အဆိုပါထုတ်ပြန်ကြေညာချက်တွင်

(က) ဘေးအန္တရာယ်များ လေ့လာအကဲဖြတ်ခြင်းအခြေအနေပေါ်မူတည်၍ ဤထုတ်ပြန်ကြေညာချက်ကို ထုတ်ပြန်ကြေညာသည့်ရက်မှအစပြု၍ မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့နယ်ဒေသအချို့အတွက် ခွာနာလျှာနာရောဂါ ပျံ့နှံ့ ကူးစက်ခြင်းတာမြစ်အမိန့်များကို ဖျက်သိမ်းမည်ဖြစ်ပါကြောင်း၊

(ခ) အဆိုပါဒေသများသည် 37 geographical coordinate endpoints (ပူးတွဲပါ လတ္တီတွဒ်နှင့် လောင်ဂျီတွဒ်ကိုဩဒီနိတ်မျဉ်းများ၊ နယ်ပယ်ခွဲခြားသတ်မှတ်ထားသည့်မြေပုံ) အတွင်းတည်ရှိပါကြောင်း၊

(ဂ) မြန်မာနိုင်ငံတွင်းရှိ အထက်ဖော်ပြပါဒေသများအတွက် ခွာနာလျှာနာရောဂါနှင့် သက်ဆိုင်သော တားမြစ်အမိန့်များကို ဆက်လက်ကျင့်သုံးဆောင်ရွက်မည် မဟုတ်ပါကြောင်းပါရှိပါသည်။

Source: https://myantrade.gov.mm/article/naypyidaw_18072023_1

## မြန်မာနိုင်ငံမှ သစ်သီးဝလံများ တရုတ်နိုင်ငံတင်ပို့ခြင်းလုပ်ငန်းများအား တရုတ်နိုင်ငံ GACC သို့ မှတ်ပုံတင်ရန်ကိစ္စ

မြန်မာနိုင်ငံမှ သစ်သီးဝလံများ တရုတ်နိုင်ငံသို့ တင်ပို့ခြင်းလုပ်ငန်းများ အဆင်ပြေစွာဖြင့် ဆောင်ရွက်နိုင်ရေးကို ကာကွယ်ထိန်းသိမ်းရန်အတွက် တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့မှ "တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစားအစာလုံခြုံရေး တရားဥပဒေ (Food Safety Law of the People's Republic of China)" အမှတ်စဉ်(၉၆)၏ သတ်မှတ်ချက်အရ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိသော သစ်သီးဝလံအစိမ်းများ၏ ထုတ်လုပ်ရေး/ အချောကိုင်/ ထုပ်ပိုးခြင်းလုပ်ငန်း ကုမ္ပဏီစာရင်း (တင်ပို့ခွင့်ပြုလျက်ရှိသော ကုန်ပစ္စည်းစာရင်း နောက်ဆက်တွဲ-၁)ကို ၃၀.၇.၂၀၂၃ ရက်မတိုင်မီ တရုတ်နိုင်ငံ GACCသို့ ပေးပို့ပေးပါရန် အကြောင်းကြားလာခဲ့ခြင်းဖြစ်သည်။

အဆိုပါအကြောင်းကြားစာတွင် အောက်ပါအချက်များ အဓိကပါဝင်ပါသည်-

(က) "တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစားအစာ လုံခြုံရေးတရားဥပဒေ (Food Safety Law of the People's Republic of China)" အမှတ်စဉ်(၉၆)၏ သတ်မှတ်ချက်အရ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိသော သစ်သီးဝလံအစိမ်းများ၏ ထုတ်လုပ်ရေး/ အချောကိုင်/ ထုပ်ပိုးခြင်းလုပ်ငန်း ကုမ္ပဏီစာရင်း (တင်ပို့ခွင့်ပြုလျက်ရှိသော ကုန်ပစ္စည်းစာရင်း နောက်ဆက်တွဲ-၁)ကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၃၀) ရက်မတိုင်မီ တရုတ်နိုင်ငံ GACCသို့ ပေးပို့ပေးပါရန် ဖြစ်ပါကြောင်း၊

(ခ ) လိုအပ်သည့် လုပ်ငန်းကုမ္ပဏီဆိုင်ရာအချက်အလက်များမှာ ကုမ္ပဏီအမည်၊ လိပ်စာ၊ တင်ပို့ခြင်း ကုန်ပစ္စည်း၏ အမျိုးအစား စသည်တို့ပါရှိရမည်ဖြစ်ပြီး နောက်ဆက်တွဲ ပုံစံ(၂) ပါအတိုင်း ဖြည့်သွင်းရမည်ဖြစ်ပါကြောင်း၊

(ဂ ) တရုတ်နိုင်ငံဘက်မှ အဆိုပါ လုပ်ငန်းကုမ္ပဏီများစာရင်းကို မှတ်တမ်းတင်ထားမည် ဖြစ်ပါကြောင်း၊

(ဃ) ကုန်သွယ်ရေးအခြေအနေနှင့် လုပ်ငန်းကုမ္ပဏီများ တင်ပို့ခြင်းလိုအပ်ချက်များအပေါ် မူတည်၍ မြန်မာနိုင်ငံအနေဖြင့် လုပ်ငန်းကုမ္ပဏီများနှင့်ပတ်သက်၍ အချိန်မရွေးစစ်ဆေးပြီး သက်ဆိုင်ရာ ပြောင်းလဲထားရှိမှုများအလိုက် တရုတ်နိုင်ငံသို့ လျှောက်ထားဆောင်ရွက်နိုင်ပါကြောင်း၊

(င) နှစ်နိုင်ငံအကြား သစ်သီးဝလံများ တင်သွင်း၊ တင်ပို့ခြင်းလုပ်ငန်း အဆင်ပြေချောမွေ့စွာ ဖွံ့ဖြိုး တိုးတက်မှုကို ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် နှစ်ဦးနှစ်ဖက်အကြား ပူးပေါင်းဆောင်ရွက်ရေးကို ဆက်လက်အားဖြည့်ပေးရန် မျှော်လင့်အပ်ပါကြောင်း၊

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိသော သစ်သီးဝလံအမျိုးအစား (၈) မျိုးကို ဖော်ပြထားပြီး ၎င်းတို့မှာ တောကြက်မောက်သီး (Longan) ၊ မင်းဂွတ်သီး(Mangosteen) ၊ လိုင်ချီးသီး (Litchi)၊ ကုလားဇီးသီး (Indian jujube)၊ ဖရဲသီး

(Watermelon)၊ သခွားမွှေးသီး (Melon)၊ ကြက်မောက်သီး (Rambutan) နှင့် သရက်သီး (Mango) တို့ဖြစ်ကြောင်း တွေ့ရှိရသည်။

Source: ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး၊ ပေကျင်းမြို့

# ပြည်ပကုန်သွယ်မှုသတင်း

## အိန္ဒိယနိုင်ငံကုမ္ပဏီမှ မြန်မာနိုင်ငံထွက် နှမ်းဖြူဝယ်ယူလို

အိန္ဒိယနိုင်ငံရှိ Sri Pushps Exim ကုမ္ပဏီသည် မြန်မာနိုင်ငံမှ Purity (99.95) ၊ Moisture ( MAX 4 % )၊ Oil (50% min)၊ SALMONEL (absence)၊ Packing (25 Kg bag) အရည်အသွေးနှင့်ပမာဏရှိသော နှမ်းဖြူ (White Sesame Seed ) ကို လတ်တလောကွန်တိန်နာ (၂)လုံး ဝယ်ယူလိုကြောင်းနှင့် မြန်မာနိုင်ငံမှထွက်ရှိသော နှမ်းဖြူအား တင်ပို့ရောင်းချနိုင်မည့် လုပ်ငန်းရှင်/ ကုမ္ပဏီများနှင့် ဆက်သွယ်လိုကြောင်း မြန်မာကောင်စစ် ဝန်ချုပ်ရုံး၊ ကော်လ်ကတ္တားမြို့သို့ ဆက်သွယ်စုံစမ်းလာပါသည်။

နှမ်းဖြူ ( White Sesame Seed ) တင်ပို့လိုသည့် မြန်မာနိုင်ငံရှိ နှမ်းကုန်သည် လုပ်ငန်းရှင်/ ကုမ္ပဏီ များအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း- ၀၆၇-၄၀၈၆၂၂ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိပါသည်။TD ( NPT ), Source: https://myantrade.gov.mm/article/Naypyitaw%2023062023%201525

## ယခုဘဏ္ဍာနှစ် မေလတွင် အမေရိကန်ဒေါ်လာ ၂၂ သန်းကျော်တန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၈၀၀၀ ကျော် တင်ပို့ ရောင်းချခဲ့

ယခုဘဏ္ဍာနှစ် မေလတွင် အမေရိကန်ဒေါ်လာ ၂၂ သန်းကျော်တန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၈၀၀၀ ကျော် တင်ပို့ရောင်းချပေးခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။ မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသည့် ရော်ဘာများကို တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ တောင်ကိုရီးယားနှင့် တရုတ်(တိုင်ပေ)နိုင်ငံသို့ အဓိကတင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်က ရော်ဘာတန်ချိန် ၃ ဒသမ ၆ သိန်းကျော်ထွက်ရှိခဲ့ပြီး ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ ရော်ဘာတန်ချိန် နှစ်သိန်းကျော် တင်ပို့ရောင်းချပေးခဲ့ကြောင်း၊ ရော်ဘာတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၆၅၀ မှ ဒေါ်လာ ၁၇၀၀ ထိဈေးနှုန်း မြင့်တက်လာခဲ့ကြောင်း၊ ထို့ကြောင့် ရော်ဘာပြည်ပတင်ပို့မှုလည်း မြင့်တက်လာခဲ့ရာ ယခု ဘဏ္ဍာနှစ်မေလတွင် အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၄၉ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၈၁၉၀ တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်ဧပြီတွင် ပြည်ပသို့ ရော်ဘာတန်ချိန် ၁၁၁၉၀ သာတင်ပို့ရောင်းချပေးခဲ့ရသဖြင့် မေလတွင် တန်ချိန် ၇၀၀၀ ပိုမိုတင်ပို့ရောင်းချပေးခဲ့ရကြောင်း သိရသည်။ မေလတွင် ပင်လယ် ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၄၁၇ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၄၈၆၀ နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၇၃ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၃၃၀၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၄၉ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၈၁၉၀ တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့ရောင်းချပေးရာတွင် တရုတ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၁၁၅၃၀၊ အိန္ဒိယနိုင်ငံသို့ တန်ချိန် ၁၂၇၀၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၈၆၀၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၄၀၀၊ တောင်ကိုရီးယားနိုင်ငံသို့ တန်ချိန် ၃၀၀၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၂၆၀ နှင့် ဂျပန်နိုင်ငံသို့ တန်ချိန် ၂၄၀ စုစုပေါင်း ရော်ဘာတန်ချိန် ၁၄၈၆၀ တင်ပို့ရောင်းချပေးခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့ရောင်းချပေးရာတွင် တရုတ်နိုင်ငံသို့ တန်ချိန် ၁၈၁၀ နှင့် ထိုင်းနိုင်ငံသို့ တန်ချိန် ၁၅၂၀ စုစုပေါင်း ရော်ဘာတန်ချိန် ၃၃၃၀ တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။ Source: ရတနာပုံသတင်းစာ,

Source: Commercial News

## မြန်မာ့ကော်ဖီကို နိုင်ငံပေါင်း (၁၄) နိုင်ငံသို့ တင်ပို့နေပြီး တိုးချဲ့တင်ပို့နိုင်ရန် အဖွဲ့အစည်းအသစ် ဖွဲ့စည်းကာ လုပ်ဆောင်ရန် ပြင်ဆင်လာ

မြန်မာ့ကော်ဖီကို နိုင်ငံပေါင်း (၁၄) နိုင်ငံသို့ တင်ပို့နေရပြီး ဂျပန်နိုင်ငံအပါအဝင် ၄ နိုင်ငံက သွင်းကုန်ခွန် ကင်းလွတ်ခွင့်ပေးထားချိန်တွင် ဈေးကွက်သစ်များထပ်မံရှာဖွေဖို့ သက်ဆိုင်ရာဌာနများ အပါအဝင် လုပ်ငန်းရှင်များ၊ ပညာရှင်များပါဝင်တဲ့

အဖွဲ့အစည်းအသစ် ဖွဲ့စည်းကာလုပ်ဆောင်သွားမယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (MTPO)မှ သိရှိရသည်။

MTPO မှ တာဝန်ရှိသူတစ်ဦးက "အရည်အသွေးပိုင်းကတော့ မြန်မာနိုင်ငံကော်ဖီအသင်းနဲ့ ပူးပေါင်းပြီး ကော်ဖီပညာရှင်တွေပါတာပေါ့နော်။ သူတို့က အရည်အသွေးနဲ့ပတ်သက်ပြီး သတ်မှတ်မယ်။ ကျွန်တော်တို့ဘက်ကနေ ကော်ဖီပို့ကုန်ကို ချောချောမွေ့မွေ့နဲ့ တင်ပို့နိုင်ဖို့ အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းပြီး ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ပါတယ်။ ကော်ဖီဇဟိုအဖွဲ့ဆိုတာ ရှိတယ်။ ဒါကို စိုက်ပျိုးရေးက ဦးစီးတာပေါ့၊ အခုကတော့ Task Force ပေါ့၊ ဖွဲ့စည်းမယ်။ အဲဒီထဲမှာ စီးပွားကူးသန်းပါမယ်၊ စိုက်မွေးဆည်မြောင်းက တာဝန်ရှိဌာနတွေပါမယ်။ လုပ်ငန်းရှင်တွေပေါ့။ မြန်မာနိုင်ငံကော်ဖီအသင်းတွေပါမယ်၊ စိုက်ပျိုးထုတ်လုပ်တဲ့ ကော်ဖီ အစုအဖွဲ့တွေက ကိုယ်စားလှယ်တွေပါဝင်ဖွဲ့စည်းပြီး စိုက်ပျိုးထုတ်လုပ်မှုကနေ တင်ပို့မှုအထိရောက်အောင် တွန်းအား ပေးဆောင်ရွက်ဖို့ ရှိပါတယ်"လို့ နိုင်ငံပိုင်မီဒီယာနှင့် အင်တာဗျူးမှာ ပြောဆိုထားသည်။

လက်ရှိတွင် မြန်မာ့ကော်ဖီကို အမေရိက၊ ဥရောပနဲ့ အာရှဒေသက နိုင်ငံပေါင်း (၁၄) နိုင်ငံသို့ တင်ပို့ရောင်းချနေရပြီး ဈေးကွက်သစ်တွေ ထပ်မံရှာဖွေကာ တိုးမြှင့်တင်ပို့ကြဖို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တိုက်တွန်းထားပါတယ်။ အထက်ပါ တာဝန်ရှိသူက ဆက်လက်ပြီး " ကော်ဖီက potential ရှိတဲ့ ထုတ်ကုန်တစ်ခုပေါ့။ ကျွန်တော်တို့နိုင်ငံ အနေအထားနဲ့လည်း ကော်ဖီစိုက်နိုင်တဲ့ ဧရိယာကအများကြီးရှိပါတယ်။ အဲဒီနေရာတွေမှာ စိုက်ပျိုးနိုင်ရင် ကော်ဖီထုတ်လုပ်မှု တိုးတက်မယ်။ ကမ္ဘာ့ကော်ဖီ Culture ကလည်း တဖြည်းဖြည်းတိုးတက်လာနေပြီး နဂိုက အနောက်နိုင်ငံတွေကပဲ ကော်ဖီယဉ်ကျေးမှုရှိခဲ့တာပေါ့။ ဒါပေမဲ့ အခုနောက်ပိုင်း အရှေ့တိုင်းဖြစ်တဲ့ ဂျပန်တို့၊ တရုတ်တို့၊ ကိုရီးယားတို့ကို ပြောင်းရွှေ့လာပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ အနီးမှာရှိတဲ့ ဈေးကွက်ကို တိုးချဲ့နိုင်ပြီဆိုရင် ကျွန်တော်တို့အတွက် နိုင်ငံခြားဝင်ငွေအများကြီးရမှာဖြစ်တဲ့အတွက် နိုင်ငံရဲ့ အဓိက သီးနှံပို့ကုန်အဖြစ် ဆောင်ရွက်သွားသင့်ပါတယ်"လို့ ပြောဆိုသည်။

လက်ရှိမှာလည်း ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ဆော်ဒီအာရေဗျနိုင်ငံနှင့် ယူအေအီးနိုင်ငံတို့က မြန်မာ့ကော်ဖီ တင်သွင်းမှုအတွက် သွင်းကုန်ခွန်ကောက်ခံခြင်းအပေါ် သုညရာခိုင်နှုန်းသတ်မှတ်ထားပြီး အခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့(MTPO)မှ ပြောသည်။ မြန်မာ့ကော်ဖီကို ဈေးကွက်ဝင် ကော်ဖီအဆင့်ကနေ အထူးတန်းဝင်ကော်ဖီအဆင့်အထိ အဆင့်မြှင့်ထုတ်လုပ်ထားနိုင်ပြီး လက်ရှိမှာ ပင်လယ်ရေကြောင်းကနေ အမေရိကန်၊ ကနေဒါ၊ အီးယူ၊ ဂျပန်နဲ့ ကိုရီးယားနိုင်ငံတို့ကို တင်ပို့နေကာ နယ်စပ်လမ်းကြောင်းကနေ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့ ရောင်းချနေသည်။

တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကော်ဖီစိုက်ဧက ၅ သောင်းခန့်ရှိကာ အထူးတန်းဝင် အမျိုးအစား (ကော်ဖီစေ့) က တစ်တန်ပေါက်ဈေး ကန်ဒေါ်လာ (၇၅၀၀) ခန့်ရှိပြီး ပုံမှန်ဈေးကွက်ဝင် ကော်ဖီအမျိုးအစားက တစ်တန်ကို ကန်ဒေါ်လာ (၃၀၀၀) မှ (၄၅၀၀) ကြား ဈေးရရှိနေတယ်လို့ သိရှိရသည်။ Source: https://t.me/htwettoe

Source: https://myantrade.gov.mm/article/naypyitaw_13062023_130

## မြန်မာ့သရက်သီးအများစု တရုတ်ဈေးကွက်သို့တင်ပို့

မြန်မာနိုင်ငံမှနာမည်ကြီး "စိန်တလုံး" သရက်သီးများကို တရုတ်ဈေးကွက်သို့ အများဆုံးတင်ပို့နေရကြောင်း ပြည်တွင်းသရက်သီးတင်ပို့ရောင်းချသူများ၏ ပြောကြားချက်အရသိရသည်။ မြန်မာနိုင်ငံမှ ထွက်ရှိသည့် သရက်သီးအမျိုးအစားပေါင်း ၄၀၀ ကျော်ရှိသည့်အနက် စိန်တလုံးသရက်သီးသည် ချိုသောအရသာ၊ တောက်ပသော အရောင်အသွေးနှင့် မွှေးပျံ့သည့်ရနံ့ရှိခြင်းတို့ကြောင့် တရုတ်နိုင်ငံနှင့် အခြားနိုင်ငံများသို့ တင်ပို့ရောင်းချနေရသည့် ထိပ်တန်းသရက်သီးတစ်မျိုးဖြစ်ကြောင်း သရက်သီးတင်ပို့ရောင်းချသူများ၏ ပြောကြားချက်အရ သိရသည်။ စိန်တလုံးသရက်သီးများကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် တောင်ပိုင်းတို့တွင် အဓိကစိုက်ပျိုး ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ရှမ်းပြည်နယ်ရပ်စောက်သရက်အစုအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးက "တရုတ်ဈေးကွက်က အရမ်းကြီးတယ်။ ဈေးကွက်ဝေစုကလည်း ကြီးတယ်။ စိန်တလုံးသရက်သီးကို မန္တလေး၊ စစ်ကိုင်း၊ ကသာ၊ ထီးချိုင့် တို့ဘက်က လည်းပို့ကြတယ်။ တရုတ်ရဲ့ဈေးကွက်က အရမ်းကြီးလို့ ဥပမာ ကျွန်တော်တို့ တန် ၁၀၀ ပို့ တန် ၁၀၀ ကုန်တယ်။ တန် ၁,၀၀၀ ပို့ တန် ၁,၀၀၀ ကုန်တယ်" ဟုဆင်ဟွာသို့ပြောသည်။

ရှမ်းပြည်နယ်မှ သရက်သီးများကို ဇွန်လ ပထမပတ်မှ ဇူလိုင်လ ပထမပတ်အတွင်း ခူးဆွတ်ကြကြောင်း သိရသည်။ ရှမ်းပြည်နယ်တောင်ပိုင်းမှ တောင်သူများအနေဖြင့် ၂၀၂၃ ခုနှစ်တွင် သရက်သီးတန်ချိန် ၂,၀၀၀ ကျော်တင်ပို့ခဲ့ပြီးဖြစ်ကြောင်း ဦးမြင့်ဦး၏ ပြောကြားချက်အရ သိရသည်။

မြန်မာနိုင်ငံမှ သရက်သီးများကို တရုတ်နိုင်ငံသို့ အဓိက တင်ပို့ရသည့် အကြောင်းရင်းမှာ အိမ်နီးချင်းနိုင်ငံ ဖြစ်သည့်အတွက် သွားလာရေးလွယ်ကူလျင်မြန်မှု၊ သယ်ယူပို့ဆောင်မှု စရိတ်စကနည်းပါးခြင်းနှင့် လမ်းခရီးတိုတောင်းခြင်းကြောင့် သစ်သီးများ လတ်ဆတ်သည့်အတွက်ဖြစ်ကြောင်း ဦးမြင့်ဦးကဆိုသည်။

မြန်မာနိုင်ငံမှ သရက်သီးများကို တရုတ်နိုင်ငံသို့ နယ်စပ်မှ တစ်ဆင့် အဓိကတင်ပို့ကြောင်း သိရသည်။ ပို့ကုန်လုပ်ငန်းစဉ်တစ်လျှောက် သရက်သီးများ လတ်ဆတ်ဖို့အထားခံအောင် ထိန်းသိမ်းရန်အရေးကြီးကြောင်း ပြည်တွင်းသရက်သီး တင်ပို့သူများက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

အဆိုပါ သရက်သီး၏ လတ်ဆတ်မှု အခြေအနေဖြင့်တရုတ်ဈေးကွက်သို့တင်ပို့ခြင်းက တရုတ်နိုင်ငံမှ စားသုံးသူများအား ဆွဲဆောင်ရန် အဓိကအချက်များထဲမှ တစ်ခုဖြစ်သည်ဟု ၎င်းတို့ကဆိုသည်။ "တရုတ်နိုင်ငံကို စိန်တလုံးသရက်သီး ပိုမိုတင်ပို့နိုင်ဖို့ဆိုရင် ကျွန်တော်တို့ သရက်သီးက အနံ့လည်းရှိတယ်။ အရသာလည်းချိုတယ်။ ဒါတွေက ပြည့်စုံပြီးသား။ ဒါပေမဲ့ ကျွန်တော်တို့ ဒီဘက်ခေတ်ကကျတော့ လူတွေက ပွင့်လင်းပြီး တိုးတက်လာတဲ့အခါ ပစ္စည်းတစ်ခုကို အမြင်နဲ့လည်း ကြည့်ကြတယ်။ အရသာရှိပြီးသားပေမဲ့အသီးရဲ့ အသွင်သဏ္ဍာန်ပေါ့။ အဲဒါကိုလည်း ကျွန်တော်တို့ကအလေးဂရုမပြုလို့မရဘူး။ ဒီထုတ်လုပ်မှုကွင်းဆက်တွေဖြစ်တဲ့ ခူးဆွတ်မှု၊ မခူးဆွတ်ခင် ပြုစုရမဲ့ အရာတွေလုပ်ဖို့လိုပါတယ်။ သရက်သီးကို ထုပ်ပိုးမှုတွေလည်း ပိုမိုကောင်းမွန်ဖို့ လိုပါတယ်" ဟု ဦးမြင့်ဦးက ပြောသည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အနာဂတ် သရက်သီးတင်ပို့ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည့်အတွက် တရုတ်ဝယ်လက်များ၏ လိုအပ်ချက်များကို ဒေသခံတောင်သူများအား မျှဝေပေးရန် အရေးကြီးကြောင်း ၎င်းက မှတ်ချက်ပြုသည်။ "အခုချိန်မှာ တောင်သူတွေကလည်း တရုတ်ဘက်နဲ့ တိုက်ရိုက်ချိတ်ဆက်ပြီး အလုပ်လုပ်နေပါတယ်။ ဒါကြောင့် တောင်သူတွေ အနေနဲ့လည်း တရုတ်နိုင်ငံရဲ့ လိုအပ်ချက်ကို သိပါတယ်" ဟု၎င်းက ပြောသည်။

Source : https://xinhuamyanmar.com/

Source: Commercial News

## အထူးဆောင်းပါးများ

### ရင်းနှီးမြှုပ်နှံမှုများအားကောင်းလာခြင်းကြောင့် ဂျပန်နိုင်ငံ၏စီးပွားရေးအခြေအနေ

ဂျပန်ဝန်ကြီးချုပ် ဖူမီအိုခီရှိဒအစိုးရအနေဖြင့် ရွေးကောက်ပွဲကို ကျင်းပရန်လျာထားသည့် အချိန်ထက်စော၍ ပြုလုပ်နိုင်ကြောင်း ခန့်မှန်းထားပြီး အပြုသဘောဆောင်သည့်ဖွံ့ဖြိုးတိုးတက်မှုများ များစွာရရှိနိုင်ကြောင်း မျှော်မှန်းထားသည်နှင့်အမျှ စီးပွားရေးလုပ်ငန်းများ၏ လည်ပတ်ဆောင်ရွက်နိုင်မှု ပိုမိုအားကောင်းကာ ကုန်စည်များဝယ်ယူသုံးစွဲနိုင်မှု မြင့်တက်လာခြင်းကြောင့် ဂျပန်နိုင်ငံ၏စီးပွားရေးမှာ ကနဦးခန့်မှန်းထားသည်ထက် ပိုမိုမြန်ဆန်စွာတိုးတက်လာကြောင်း ဖော်ပြထားပါသည်။

အစိုးရအဖွဲ့ရုံး၏ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ထုတ်ပြန်ချက်များအရ ဂျပန်နိုင်ငံ၏ နှစ်စဉ် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(GDP)မှာ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ (၃)လ အတွင်းတွင် ၂ ဒသမ ၇ ရာခိုင်နှုန်း ရှိခဲ့ကြောင်း ဖော်ပြထားသည်။ စီးပွားရေးပညာရှင်များက GDP တိုးတက်မှုနှုန်းကို ၁ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၁ ဒသမ ၉ ရာခိုင်နှုန်းရှိနိုင်ကြောင်း အသီးသီးခန့်မှန်းခဲ့ကြသော်လည်း ယခုထုတ်ပြန်ချက်အရ အဆိုပါခန့်မှန်းချက်များကို ကျော်လွန်ခဲ့ကြောင်း ဖော်ပြထားသည်။ ဂျပန်နိုင်ငံအနေဖြင့် ယခင်နှစ် နှစ်ကုန်ပိုင်း တွင်ဖြစ်ပွားခဲ့သည့် နည်းပညာဆိုင်ရာ အကြပ်အတည်း (Technical Recession) ကို ကျော်လွှားနိုင်ခဲ့ကြောင်းကို အစိုးရကထုတ်ပြန်ထားသည့် ကိန်းဂဏန်းအချက်အလက်များက သက်သေပြလျက်ရှိကြောင်း ဖော်ပြထားသည်။

ကမ္ဘာ့စီးပွားရေးကျဆင်းလာမှုကြောင့် စိုးရိမ်မှုများဖြစ်ပေါ်ခဲ့သော်လည်း ဂျပန်နိုင်ငံရှိ ကုမ္ပဏီများအကြား အပြုသဘောဆောင်သည့် သဘောထားအမြင်များ ကိန်းအောင်းနေဆဲဖြစ်သည့်အတွက် ဂျပန်နိုင်ငံရှိ လုပ်ငန်းကြီးများတွင် ရင်းနှီးမြှုပ်နှံမှုများ ခိုင်မာအားကောင်းနေဆဲဖြစ်ကြောင်း ဖော်ပြထားသည်။ စီးပွားရေးလုပ်ငန်း များ၏ နိုင်ငံအတွင်းလည်ပတ်ဆောင်ရွက်နိုင်မှု ပိုမိုအားကောင်းကာ သုံးစွဲနိုင်မှုမြင့်တက်လာခြင်းကြောင့် GDP မှာ ပုံမှန်မြင့်တက်လာသော်လည်း ထိုသို့လုပ်ငန်းများ၏ ကုန်စည်ထုတ်လုပ်နိုင်မှုတိုးတက်လာခြင်းနှင့်အညီ ဝယ်လိုအားတိုးတက်လာခြင်းမရှိဘဲ ကုန်စည်များပိုမိုစုပုံများပြားလာမည်ကိုလည်း စိုးရိမ်လျက်ရှိကြောင်း ဖော်ပြထားသည်။ သုံးစွဲသူများ၏ ဝယ်ယူသုံးစွဲနိုင်စွမ်း (Consumer Spending) မှာလည်း ကနဦးခန့်မှန်းထားသည်ထက် လျော့နည်းခဲ့ကြောင်း ဖော်ပြထားသည်။

ဂျပန်ဝန်ကြီးချုပ်ခီရှိဒ အစိုးရအနေဖြင့် ရွေးကောက်ပွဲကို ကျင်းပရန်လျာထားသည့်အချိန်ထက်စော၍ ကျင်းပနိုင်ကြောင်း ခန့်မှန်းချက်များကြောင့် နိုင်ငံ၏စတော့ရှယ်ယာဈေးနှုန်းများမှာ ဆယ်စုနှစ် ၃ ခုအတွင်း အမြင့်ဆုံးနှုန်းနီးပါးသို့ ရောက်ရှိခဲ့ပြီး GDP တိုးတက်မှုနှုန်းမှာ မျှော်မှန်းထားသည်ထက် ပိုမိုအားကောင်းခဲ့ရခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံ၏စီးပွားရေးကို ဟန်ချက်ညီအောင်ထိန်းညှိဆောင်ရွက်နေရသည့် ဂျပန်ဗဟိုဘဏ်၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အဆိုပါရွေးကောက်ပွဲဆိုင်ရာမျှော်မှန်းချက်များက အထောက်အပံ့ဖြစ်စေလျက်ရှိကြောင်း၊ ဂျပန်ဗဟိုဘဏ်အနေဖြင့် လာမည့်အပတ်အတွင်း ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများချမှတ်သွားရန် အစည်းအဝေးကျင်းပပြုလုပ်သွားရန်ရှိကြောင်းလည်း ဖော်ပြထားသည်။

ဝန်ကြီးချုပ် ခီရှိဒအနေဖြင့် ယခင်ကာလကဖြစ်ပေါ်ခဲ့သည့် စီးပွားရေးအခြေအနေထက် လက်ရှိစီးပွားရေး အခြေအနေပေါ်သာ အဓိကထားသုံးသပ်သွားရန်ရှိကြောင်း၊ ဂျပန်နိုင်ငံ၏ လက်ရှိစီးပွားရေးအခြေအနေကို ကြည့်မည်ဆိုပါက စီးပွားရေးအခြေအနေမှာ ပြန်လည်ကောင်းမွန်လာပြီး အရှိန်အဟုန်ရလျက်ရှိကြောင်း၊ ဝန်ကြီးချုပ် ခီရှိဒအနေဖြင့် မျှော်လင့်ချက်များ ပိုမိုအားကောင်းလာသည့် လက်ရှိစီးပွားရေးအခြေအနေကို အကောင်းဆုံးအသုံးချကာ ရွေးကောက်ပွဲကို ရုတ်တရက်ကျင်းပရန် စဉ်းစားနိုင်ကြောင်းလည်း Mitsubishi UFJ Research and consulting မှ principal economist ဖြစ်သူ Shinichiro Kobayashi က ပြောကြားထားသည်။

ယခုအပတ်တွင် Japan News Network (JNN) မှကောက်ယူခဲ့သည့် JNN poll စစ်တမ်း ထုတ်ပြန်ချက်များအရ ဝန်ကြီးချုပ်ခီရှိဒအစိုးရအပေါ် ထောက်ခံမှုနှုန်းမှာ ၄၆ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း ဖော်ပြထားပြီး အဆိုပါရလဒ်မှာ ယခုနှစ်အစောပိုင်းက ကောက်ယူခဲ့သည့် စစ်တမ်းရလဒ်နှင့်နှိုင်းယှဉ်ပါက ပိုမိုကောင်းမွန်လာသည်ကို တွေ့ရှိရကြောင်း၊ ယခင်လက G-7 ထိပ်သီးအစည်းအဝေးကို အောင်မြင်စွာလက်ခံကျင်းပခဲ့ပြီးနောက် ထိုသို့အစိုးရအပေါ် ထောက်ခံမှုပိုမိုရရှိခဲ့ခြင်းဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

ကမ္ဘာ့တတိယစီးပွားရေးအင်အားအကြီးဆုံးနိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံ၏အစိုးရအနေဖြင့် ကိုဗစ် -၁၉ ဆိုင်ရာ ကန့်သတ်ချက်များကို ဖြေလျှော့ခဲ့ပြီး နိုင်ငံခြားသားများဝင်ရောက်ခွင့်ပြုကာ အခြားသောကမ္ဘာ့နိုင်ငံများနှင့်အပြိုင် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဂျပန်ကုမ္ပဏီကြီးများအနေဖြင့် ကမ္ဘာ့စီးပွားရေးကျဆင်းလာမှုကြောင့် ရင်းနှီးမြှုပ်နှံလိုစိတ် လျော့နည်းလာမည်ကို စိုးရိမ်ခဲ့သော်လည်း ယခုနောက်ဆုံးထုတ်ပြန်ထားသည့် ဂျပန်နိုင်ငံ၏ GDP အချက်အလက်များသည် အဆိုပါစိုးရိမ်စိတ်ကို လျော့ပါးစေခဲ့ကြောင်း ဖော်ပြထားသည်။

ပြည်ပဝယ်လိုအားကျဆင်းလာမှုနှင့်အတူ ပို့ကုန်တင်ပို့မှုလျော့နည်းလာခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများ ကျဆင်းလာခြင်းတို့ကြောင့် ၂၀၂၃ ခုနှစ်၊ ဒုတိယသုံးလပတ်တွင် ဂျပန်နိုင်ငံ၏စီးပွားရေးတိုးတက်မှုနှုန်းမှာ အနည်းငယ်သာမြင့်တက်နိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ ငွေကြေးဖောင်းပွမှုနှုန်းမြင့်မားလာခြင်းနှင့် ဝင်ငွေကျဆင်းလာခြင်းတို့သည် ဝယ်ယူသုံးစွဲနိုင်စွမ်း ပြန်လည်အားကောင်းလာမှုအပေါ် အဟန့်အတားဖြစ်စေနိုင်ကြောင်း Bloomberg မှ စီးပွားရေးပညာရှင် Taro Kimura က ပြောကြားထားသည်။

ဂျပန်နိုင်ငံ၏ထုတ်ကုန်ထုတ်လုပ်နိုင်မှုအခြေအနေ၊ ပုဂ္ဂလိကကဏ္ဍ၏သုံးစွဲနိုင်မှုအခြေအနေနှင့် အဖွဲ့အစည်းများ၏ သုံးစွဲနိုင်မှုအခြေအနေမှာ ဂျပန်နိုင်ငံ၏ရောင်းခွန်(Sales Tax)နှုန်းထားကို မတိုးမြှင့်မီကာလဖြစ်သည့် ၂၀၁၉ ခုနှစ်၊ တတိယ (၃) လပတ်တွင် ရရှိခဲ့သည့် ပမာဏထက် လျော့နည်းနေဆဲဖြစ်ကြောင်း ဖော်ပြထားသည်။

စီးပွားရေးလုပ်ငန်းများ၏ လည်ပတ်ဆောင်ရွက်နိုင်မှု ပိုမိုကောင်းမွန်ကာ ကုန်စည်များ ပိုမိုဝယ်ယူသုံးစွဲနိုင်မှု အားကောင်းခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ပြင်ဆင်ထုတ်ပြန်ခဲ့သည့် ဂျပန်နိုင်ငံ၏ GDP တိုးတက်မှုနှုန်းမှာ ပိုမိုကောင်းမွန်လာရခြင်းဖြစ်ကြောင်း SMBC Nikko Securities မှ စီးပွားရေးပညာရှင် Yoshimasa Maruyama က ပြောကြားထားသည်။

ဂျပန်နိုင်ငံ၏ GDP တိုးတက်မှုနှုန်းမှာ ရွေးကောက်ပွဲကျင်းပမည့်အချိန်ကာလအပေါ် သက်ရောက်မှုရှိနိုင်မည်မဟုတ်ကြောင်း၊ ဝန်ကြီးချုပ်ခီရှိဒအနေဖြင့် ရွေးကောက်ပွဲကို အလျင်စလိုပြုလုပ်ခြင်းထက် ယခုနှစ်ကုန်ဖြစ်သည့် နွေဦးကာလတွင် ရွေးကောက်ပွဲကိုပြုလုပ်နိုင်ပြီး၊ ယခုနှစ် ဘတ်ဂျက်ကာလမကုန်မီ ရွေးကောက်ပွဲကို အပြီးပြုလုပ်နိုင်ကြောင်း၊ ဝန်ကြီးချုပ် ခီရှိဒအနေဖြင့် အချိန်အနည်းငယ်စောင့်ဆိုင်း၍ ရွေးကောက်ပွဲပြုလုပ်သည့်တိုင်အောင် အတိုက်အခံပါတီများအနေဖြင့် သိသာထူးခြားသည့်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်စွမ်းရှိမည်မဟုတ်ကြောင်း စီးပွားရေးပညာရှင် Yoshimasa Maruyama က ပြောကြားထားသည်။

ဂျပန်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုမှာ ၂၀၂၃ ခုနှစ်၊ ဒုတိယသုံးလပတ်တွင် နှေးကွေးနိုင်သော်လည်း ဆက်လက်မြင့်တက်နိုင်ကြောင်း ခန့်မှန်းထားသည်။ ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းတွင်ဖြစ်ပွားခဲ့သည့် နည်းပညာဆိုင်ရာ အကြပ်အတည်း (Technical Recession)ကို ဂျပန်နိုင်ငံအနေဖြင့် ကျော်လွှားနိုင်ခဲ့ကြောင်း အစိုးရက ထုတ်ပြန်ထားသည့် ၂၀၂၃ ခုနှစ်၊ ပထမ

သုံးလပတ်အတွက် ထုတ်ပြန်ထားသော ကိန်းဂဏန်းအချက်အလက်များက သက်သေပြလျက် ရှိသော်လည်း တိုးတက်မှုနှင့် ကျဆင်းမှုမှာ တစ်လှည့်စီဖြစ်ပေါ်နိုင်ကြောင်း၊ ၂၀၂၁ ခုနှစ်မှစ၍ ဂျပန်နိုင်ငံ၏စီးပွားရေးမှာ ၂၀၂၃ ခုနှစ်၊ မတ်လအထိ ဂျပန်နိုင်ငံ၏ စီးပွားရေးမှာ သုံးလပတ်ကာလ (၉) ခုအနက် (၄)ခုတွင် စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်ခဲ့ ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုမှာ ဆက်လက်တိုးတက်နိုင်သော်လည်း ဧပြီလအတွက် ထုတ်ပြန်ထားသည့် အချက်အလက်များအရ အိမ်ထောင်စုများ၏ ဝယ်ယူသုံးစွဲနိုင်မှုနှင့် လစာဝင်ငွေရရှိနိုင်မှုအခြေအနေမှာ ကောင်းမွန်မှုမရှိသည်ကို တွေ့ရှိရသည့်အတွက် ဧပြီလမှဇွန်လအထိ လာမည့်(၃)လပတ်ကာလတွင် စီးပွားရေး ပြန်လည်ကောင်းမွန်လာနိုင်မှုအခြေအနေမှာ မျှော်မှန်းထားသကဲ့သို့ အားကောင်းနိုင်မည်မဟုတ်ကြောင်း Mitsubishi UFJ Research and consulting မှ principal economist ဖြစ်သူ Shinichiro Kobayashi က ပြောကြားထားသည်။ Source : The Japan Times (9–6–2023)

Source: စီးပွားရေးသံမှူး၊ တိုကျိုမြို့

Source: https://myantrade.gov.mm/article/STP(Yangon)%20%2014062023%2013:%2004

## အညာတောင်သူတို့ရဲ့ မျှော်လင့်ချက်နဲ့ စိန်ခေါ်မှုများ

ကာလအတန်ကြာ ဈေးနှုန်းကျဆင်းခဲ့သည့် ပဲစင်းငုံမှာ ယခုနှစ်တွင် တစ်တင်း ကျပ်တစ်သိန်း ဝန်းကျင်အထိ ပြန်လည်ရောက်ရှိလာပါတယ်။ ဒီဈေးနှုန်းဟာ တောင်သူတို့ ထင်မထားသည့် ဈေးဖြစ်သလို မမျှော်လင့်ရဲခဲ့တဲ့ ဈေးနှုန်းဆိုလည်းမမှားပါဘူး။ တောင်သူများမှာ ပဲစင်းငုံလက်ကျန်နည်းမှ တစ်တင်း တစ်သိန်းဝန်းကျင် ဖြစ်ခဲ့တော့ အကျိုးအမြတ်ကို အပြည့်အဝ မရခဲ့ပါဘူး။ ယခုနှစ် ပဲစင်းငုံရိတ်သိမ်းပြီးနောက်ပိုင်း တစ်တင်း ခြောက်သောင်းကျော် ခုနစ်သောင်းနဲ့ ရောင်းချခဲ့ပေမဲ့ ထိုက်သင့်တဲ့ အကျိုးအမြတ်ရှိခဲ့ပါတယ်။

ပြီးခဲ့တဲ့ မေလလယ်မှာ ဖြစ်ပေါ်ခဲ့တဲ့ မိုခါမုန်တိုင်းကြောင့် ပခုက္ကူနယ်တစ်ဝိုက်မှာ မိုးရေအများအပြား ရရှိခဲ့ပြီး တောင်သူများစိုက်ပျိုးရေး နောက်မကျဘဲ လုပ်ငန်းခွင်ဝင်နိုင်ခဲ့သည်။ ပဲစင်းငုံဈေး အထူးကောင်းမွန်ခဲ့သောကြောင့် တောင်သူများ လက်လွတ်မခံဘဲ ပဲစင်းငုံကိုအားထည့်စိုက်ပျိုးခဲ့ကြသည်။ အခုဆိုပဲစိုက်ပျိုးပြီးတာ တစ်လကျော်ကြာပါပြီ။ ထိုက်သင့်သလောက်လည်း ရှင်သန်နေကြသည်။

“ပဲစင်းငုံကတော့ မစိုက်လို့မဖြစ်တဲ့ဈေးပေါက်နေတာ။ ဒါမျိုးဈေးတစ်ခါမှမဖြစ်ဖူးဘူး။ လွန်ခဲ့တဲ့ ငါးနှစ်လောက်က ဆိုရင် ပဲစင်းငုံတစ်တင်း တစ်သောင်းလောက်ပဲရတော့ စိုက်တောင်မစိုက်ကြဘူး။ ဒီနှစ်မှ ဈေးပြန်ကောင်းတာ။ တောင်သူက လက်ထဲကြာကြာမထားနိုင်တော့ ခုနစ်သောင်းလောက်ရတာနဲ့ ရောင်းလိုက်တာ။ ပဲစင်းငုံတစ်တင်း တစ်သိန်းရောက်မယ်လို့ကို မထင်တာ။ ဒီနှစ်တော့ အရင်ထက် ပိုစိုက်ထားကြတယ်” လို့ ပခုက္ကူမြို့နယ် မှ တောင်သူတစ်ဦးကပြောသည်။

ပဲစင်းငုံကို ယခင်ထက် ပိုစိုက်ထားကြသလို ပဲတီစိမ်းနဲ့ မြေပဲတွေလည်း စိုက်ပျိုးကြဆဲပါ။ သီးနှံဈေးအားလုံးလိုလို ဈေးကောင်းပေမဲ့ တောင်သူတွေမှာ မမျှော်လင့်နိုင်တဲ့ စိန်ခေါ်မှုများလည်းရှိသည်။ အေးဆေးစွာ လုပ်ငန်းခွင်ဝင်ရောက်နိုင်ရေးနဲ့ ရာသီဥတုမှန်ကန်ရေးက တောင်သူတွေအတွက် ကြီးမားတဲ့ စိန်ခေါ်မှုတွေပါ။ ပခုက္ကူဒေသတစ်ဝိုက်က ကျေးလက်ဒေသအချို့မှာ တည်ငြိမ်အေးချမ်းတဲ့ အခြေအနေမျိုး မဟုတ်တော့ တောင်သူများ လုပ်ငန်းခွင်ကို သွားသတိ လာသတိလုပ်ကိုင်နေရပါတယ်။ ဒီအခြေအနေ ဘယ်လောက်ကြာမယ်ဆိုတာ မှန်းဆဖို့ ခက်တယ်လို့လည်း ဒေသခံတွေကဆိုသည်။

နယ်မြေအခြေအနေအရ သွားလာရေးက ခက်ခဲတယ်လို့ ဆိုပါတယ်။ တောင်သူတွေမှာ သူတို့ပိုင်တဲ့ ယာနဲ့ အိမ်က သီးခြားဆီရှိတော့ အခက်အခဲမျိုးစုံကြုံရတယ်လို့ ဆိုပါတယ်။ “သီးနှံက စိုက်ပြီးရင်ပြုစုရတယ်။ ပေါင်းသင်ရတယ်။ မြေဆွရတယ်။ မြေဆီထည့်ရတယ်။ ပိုးကျမကျကြည့်ပြီး ဆေးဖျန်းတာလည်း လုပ်ရတယ်လို့ မြိုင်မြို့နယ်မှ တောင်သူတစ်ဦးက ပြောပါတယ်။

မိုးလေဝသလေ့လာသူများက ယခုနှစ်နဲ့ လာမဲ့ ၂၀၂၄ ခုနှစ်တွေမှာ အယ်နီညိုရာသီဥတု ဖြစ်မယ်လို့ ခန့်မှန်းနေကြပြီး မြန်မာနိုင်ငံမှာလည်း အယ်နီညိုဖြစ်စဉ် ကြုံတွေ့ရမယ်လို့ ခန့်မှန်းပြောဆိုနေကြသည်။ ယခုနှစ် မိုးဦးကာလမှာ ပုံမှန်အတိုင်း မိုးရွာသွန်းနိုင်ပေမဲ့ အယ်နီညိုဖြစ်စဉ်ကြောင့် မိုးလယ်ကာလမှာ မိုးရွာသွန်းမှုနည်းပါးနိုင်တယ်လို့ ခန့်မှန်းထားသည်။ အယ်နီညို သက်ရောက်မှုကို ယခင်ကလည်း ခံစားဖူးသောကြောင့် အညာတောင်သူတို့ စိုးရိမ်မှုတွေ ရှိနေကြသည်။

အညာမှာ မိုးလယ်ကာလ မိုးရရှိမှုနည်းခဲ့ရင် မိုးဦးမှာစိုက်ပျိုးထားတဲ့ နှမ်း၊ ပဲတီစိမ်းနဲ့ မြေပဲသီးနှံတွေအတွက် စိုးရိမ်ရတယ်လို့ဆိုသည်။ နှမ်းနဲ့ ပဲတီစိမ်းဟာ ဇူလိုင်လကုန်နဲ့ ဩဂုတ်လမှာ ရိတ်ကြဆွတ်ကြတာမို့ မိုးကောင်းစွာ မရရင် အထွက်လျော့တာကနေ သီးနှံခင်းပျက်တာအထိ ကြုံရနိုင်ကြောင်း၊ ဒီလိုဖြစ်စဉ်မျိုး ၂၀၁၆ နဲ့ ၂၀၁၉ ခုနှစ်တွေမှာ ကြုံတွေ့ခဲ့ဖူးသောကြောင့် တောင်သူတွေ စိုးရိမ်မှုရှိကြကြောင်း “မှတ်မှတ်ရရ ပြောရရင် ၂၀၁၆ တုန်းကရော ၂၀၁၉ တုန်းကရော မိုးဦးကောင်းပြီး မိုးလယ် မိုးမရလို့ နှမ်းမရဘူး။ နှမ်းက အဖူးပဲ ဖူးနိုင်လိုက်တယ်။ နောက်မိုး မလိုက်တော့ အစေ့အဆန်

မအောင်လိုက်ဘူး။ ပဲတီစိမ်းလည်း အဲဒီလိုပဲ အပင်အဖြစ် အသီးမသီးလို့ အခင်းလိုက်ဖျက်ပြီး နွားစာလုပ်လိုက်ရတယ်။ တချို့ အနည်းအပါးရကြပေမဲ့ စိုက်စရိတ်မရကြဘူး။ အခုနှစ်လည်း အယ်နီညိုလို့ ပြောနေကြတော့ စိုးရိမ်စိတ်ရှိတယ်" လို့ ပခုက္ကူ မြို့နယ်မှ တောင်သူတစ်ဦးက ပြောသည်။

ပြီးခဲ့တဲ့နှစ်လောက်ကစပြီး သွင်းအားစုဈေးနှုန်း အဆမတန်မြင့်တက်လာကြောင်း တောင်သူတွေအတွက် အရင်းအနှီး စရိတ်ဟာ များပြားကြောင်း၊ အရင်တုန်းကလို သီးနှံမဖြစ်ထွန်းတာမျိုးကြုံရင် ဆုံးရှုံးမှုက နည်းမှာမဟုတ်ကြောင်း၊ အရင် မြေဆီ တစ်အိတ် ကျပ် ၂၀၀၀၀ ကျော်ကနေ ဒီနေ့မှာတော့ မြေဆီတစ်အိတ် ကျပ်တစ်သိန်းကျော်ကြောင်း၊ အခြားပိုးသတ်ဆေး အားဆေးတွေလည်း နှစ်ဆလောက် ဈေးတက်သည်။ သီးနှံဈေးကောင်းပေမဲ့ စိုက်စရိတ်ကလည်း သက်သာလှတာ မဟုတ်တော့ စိုက်သမျှ ပြန်ရချင်ကြသည်။ အထွေထွေကုန်ဈေးနှုန်းတွေကလည်း တက်နေတော့ တစ်နှစ်နဲ့တစ်နှစ် လုပ်ငန်းအလျင်မီမှ အဆင်ပြေနိုင်မှာဖြစ်ကြောင်း မြိုင်မြို့နယ်မှ တောင်သူတစ်ဦးကပြောသည်။

ဒီနှစ်တောင်သူတွေ ပဲစင်းငုံကို အားထည့် စိုက်ပျိုးခြင်းမှာ မြေသြဇာဈေးနှုန်းနဲ့ ရာသီဥတုအခြေအနေတို့ကြောင့်လည်း ပါသည်။ ပဲစင်းငုံဟာ မြေဆီမြေသြဇာ များများစားစားထည့်စရာ မလိုတော့ စိုက်စရိတ်သက်သာသည်။ မိုးခေါင်မှုဒဏ်ကို ခံနိုင်ပြီး ကာလရှည်စိုက်ရတာကြောင့် မိုးလယ်မကောင်းလို့ မိုးနှောင်း မိုးရရင်ကို ဖြစ်ထွန်းတဲ့သီးနှံပါ။ သိပ်လည်း ပြုစုစရာ မလိုတော့ ခေတ်အခြေအနေအရလည်း အဆင်ပြေပါတယ်။ လက်ရှိ ဈေးကွက်ပေါက်ဈေးကလည်း တောင်သူတွေ မက်လောက် တဲ့ ဈေးဖြစ်ကြောင်း၊ အညာမှာ ယခုဇွန်လကုန်ပိုင်း မိုးတိမ်တို့ ဖြစ်ထွန်းနေပြီး မိုးရွာသွန်းမဲ့ အခြေအနေ ရှိနေတာကြောင့် မိုးဦး သီးနှံတွေဖြစ်ထွန်းဖို့ မပူပင်ရကြောင်း၊ သီးနှံပွင့်ဖူးနိုင်ဖို့ကတော့ နောက်လတွေမှာ မိုးမျှော်ရဦးမှာဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။ Source: https://news-eleven.com/article/250015

## ကော်ဖီနှင့် မက္ကဒေးမီးယား တွဲဖက်စိုက်ပျိုးပေး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စိုက်ပျိုးရေး ထွက်ကုန်အမြောက်အမြားကိုလည်း တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ရောင်းချပေးနိုင်ရန် ကူညီဆောင်ရွက်ပေးလျက် ရှိသည်။ ကျေးလက်ဒေသနေ တောင်သူလယ်သမားကြီးများသည်လည်း စိုက်ပျိုးသည့်သီးနှံများ GAP နှင့်အညီ စိုက်ပျိုး ထုတ်လုပ်ပေးပြီး စားသုံးသည့်သီးနှံများအားလုံး ဘေးအန္တရာယ်ကင်းရှင်းစေရေး ဦးစားပေးဆောင်ရွက် ပေးသွားကြရမည်ဖြစ် သည်။

ထို့ပြင် မြန်မာနိုင်ငံတွင် စားသောက်ကုန်သီးနှံများဖြစ်သည့် ကော်ဖီသီးနှံ၊ မက္ကဒေးမီးယားသီးနှံများကိုလည်း တိုးချဲ့ စိုက်ပျိုးလာလျက်ရှိသည်။ ကော်ဖီသီးနှံနှင့် မက္ကဒေးမီးယားသီးနှံများအား ပြည်တွင်းစားသုံးမှုဖူလုံရေး၊ ပြည်တွင်း ပြည်ပသို့ စိုက်ပျိုးရေးထုတ်ကုန်များ၊ တန်ဖိုးမြင့် ထုတ်ကုန်များအဖြစ် တင်ပို့နိုင်ရေးတို့ကို စိုက်ပျိုးသူတောင်သူများနှင့် စီးပွားရေး လုပ်ငန်းရှင်ကြီးများကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့မြင်နေရသည်။

မြန်မာနိုင်ငံတွင် ကော်ဖီသီးနှံများကို ပင်လယ်ရေမျက်နှာပြင်၏ ပေ ၂၅၀၀ အထက်မြင့်သောဒေသများတွင် အာရေးဗီးကား(ကုန်းမြင့်ကော်ဖီ)မျိုးများနှင့် ပေ ၂၅၀၀ အောက်ဒေသများတွင် ရိုဘတ်စတာ(မြေနိမ့်ကော်ဖီ)မျိုးများကို ရွေးချယ် စိုက်ပျိုးသင့်သည်။ ကော်ဖီသီးနှံစိုက်ခင်းများအတွင်း အရိပ်လည်းရ အပိုဝင်ငွေများလည်းရရှိနိုင်သော မက္ကဒေးမီးယားသီးနှံ များကို သီးညှပ်သီးနှံအဖြစ် စနစ်တကျ တွဲဖက်စိုက်ပျိုးသွားသင့်သည်။ မြန်မာနိုင်ငံတွင် ကော်ဖီသီးနှံအများဆုံး စိုက်ပျိုး ထုတ်လုပ်ပေးနိုင်သော ဒေသများမှာ ပြင်ဦးလွင်၊ မိုးကုတ်၊ နောင်ချို၊ ရွာငံ၊ ဟိုပုံး စသည့် ဒေသများဖြစ်သည်။ ယခုအခါ ကော်ဖီသီးနှံနှင့်အတူ မက္ကဒေးမီးယားသီးနှံများကို အရိပ်ရအပင်များအဖြစ်ထားရှိကာ သီးညှပ်သီးနှံအဖြစ် တွဲဖက်စိုက်ပျိုးလျက် ရှိသည်။

ပြင်ဦးလွင်မြို့ ကော်ဖီနည်းပညာ ဖွံ့ဖြိုးရေးခြံ(ပွေးတောင်)တွင် ကော်ဖီသီးနှံ အာရေးဗီးကား (ကုန်းမြင့်ကော်ဖီ) မျိုးများ ကို တန်းကြား ရှစ်ပေ၊ ပင်ကြားလေးပေအဖြစ် စိုက်ပျိုးထားရှိပြီး မက္ကဒေးမီးယားသီးနှံပင်များကို အရိပ်ရအပင်များအဖြစ် ထားရှိကာ တန်းကြား ၂၅ ပေ၊ ပင်ကြား ၂၅ ပေအဖြစ် စိုက်ပျိုးထားခြင်းဖြင့် စိုက်ပျိုးရေးရာသီများအတွင်း ကော်ဖီနှင့် မက္ကဒေးမီးယားနှစ်မျိုးစလုံးကို ရရှိစေသည်။

မက္ကဒေးမီးယားနှင့် ကော်ဖီတို့သည် နှစ်ရှည်သီးနှံပင်များဖြစ်သည့်အတွက် တွဲဖက်စိုက်ပျိုးသင့်သလို ထိုသို့စိုက်ပျိုးခြင်း ဖြင့် တောင်သူများအတွက် ဝင်ငွေတိုးပွားစေသည်။ မြန်မာနိုင်ငံ တောင်ပေါ်ဒေသများတွင် ကော်ဖီသီးနှံများကို အာရေးဗီးကား (ကုန်းမြင့်ကော်ဖီ)မျိုးများဖြစ်သည့် ကက်တီမိုး(လာအို)၊ ကက်တီမိုး (ဗီယက်နမ်)၊ ကက်ကျူလာ၊ ကက်တွိုင်း မျိုးများနှင့် မက္ကဒေးမီးယားသီးနှံမျိုး များကို ရွေးချယ်စိုက်ပျိုးသင့်သည်။

မက္ကဒေးမီးယားသီးနှံသည် ကျန်းမာရေးအတွက်ကောင်းမွန်သည့်အရည်အသွေးများရှိပြီး တန်ဖိုးမြှင့်ထုတ်ကုန်ပြုလုပ်၍ စားသုံးနိုင်သည့်သီးနှံဖြစ်သည့်အတွက် စိုက်ပျိုးသင့်ကြောင်းနှင့် လက်ရှိအခြေအနေတွင် မက္ကဒေးမီးယားတစ်တန်လျှင် ငွေကျပ်သိန်း ၃၀ ခန့်ပေါက်ဈေးရှိကြောင်း သိရသည်။ မက္ကဒေးမီးယားအသီးများမှ တစ်ဆင့် အစေ့များကိုထုတ်ယူပြီး စားသောက်ကုန်များအဖြစ် ထုပ်ပိုးပေးလျက် ရှိရာတွင် ပြည်တွင်းပြည်ပဈေးကွက်များ၌ ဈေးကောင်းရရှိနေကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကော်ဖီသီးနှံနှင့် မက္ကဒေးမီးယားသီးနှံများသည် ပြည်တွင်းပြည်ပတွင် ဈေးကွက်ခိုင်မာမှုရှိနေပြီး တာရှည်ခံသိုလှောင်ထားနိုင်သော သီးနှံများဖြစ်သည်။ မြန်မာနိုင်ငံတွင် တောင်သူအများစု စိုက်ပျိုးထားရှိသည့် သီးနှံများမှာ တာရှည်သိုလှောင်ထားရှိ၍ မရသည့်သီးနှံအများစုပင်ဖြစ်သည်။ ရောင်းချရာတွင် လက်ရှိပေါက်ဈေးများဖြင့်သာ အဆင်ပြေသလို ရောင်းချနေရသည်။ ကော်ဖီနှင့် မက္ကဒေးမီးယားသီးနှံများသည် အေးမြခြောက်သွေ့သည့်နေရာများတွင် စနစ်တကျ သိုလှောင်ထားရှိပါ က ဈေးကောင်းရရှိသည့်အချိန်များတွင် ပြန်လည်ရောင်းချနိုင်သောသီးနှံဖြစ်သည်။ ထို့ကြောင့် နိုင်ငံခြားဝင်ငွေတိုးတက်ရရှိရေး၊ မိသားစုအပိုဝင်ငွေရရှိစေရေးတို့အတွက် အရိပ်လည်းရ၊ တာရှည် သိုလှောင်ထားနိုင်သော မြန်မာ့ကော်ဖီနှင့် မက္ကဒေးမီးယားကို တွဲဖက်စိုက်ပျိုးသွားသင့်ပါသည်။

Source: ဒို့ကျေးရွာဂျာနယ် အတွဲ(၂၀)၊ အမှတ်(၁၂)

## ကုန်သွယ်မှုအခြေအနေ

### ၂၀၂၃၊ ဇွန်လ အဓိကပို့ကုန်(၁၀) မျိုး/အဓိကသွင်းကုန်(၁၀)မျိုး

တန်ဖိုး ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပစ္စည်း(ပို့ကုန်) | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး | စဉ် | ပစ္စည်း(သွင်းကုန်) | တန်ဖိုး |
|---|---|---|---|---|---|---|---|
| 1 | ချုပ်ပြီးအထည် | ခုရေ | 70,690,965.379 | 446.025 | 1 | ရေနံထွက်ပစ္စည်းများ | 451.290 |
| 2 | သဘာဝဓာတ်ငွေ့ | kg | 29,647,009.820 | 276.580 | 2 | ချည်ထည်များ | 89.973 |
| 3 | ပြောင်း | မတန် | 231,316.682 | 71.130 | 3 | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | 87.555 |
| 4 | မတ်ပဲ | မတန် | 46,561.072 | 41.022 | 4 | ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ | 60.258 |
| 5 | ပဲတီစိမ်း | မတန် | 43,710.378 | 29.281 | 5 | ဓာတ်မြေသြဇာများ | 58.041 |
| 6 | ငါး | မတန် | 16,350.413 | 19.353 | 6 | စက်နှင့်စက်ပစ္စည်းများ | 46.940 |
| 7 | ဆန်ကွဲ | မတန် | 44,557.700 | 17.856 | 7 | လျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ | 46.468 |
| 8 | ရော်ဘာစိမ်း | မတန် | 14,167.780 | 17.362 | 8 | စားအုန်းဆီ | 38.140 |
| 9 | ဆန် | မတန် | 27,695.100 | 13.702 | 9 | ဆေးဝါးပစ္စည်းများ | 37.366 |
| 10 | ပဲစင်းငုံ | မတန် | 15,052.005 | 13.024 | 10 | ဓာတုဗေဒပစ္စည်းများ | 31.553 |

Source: tradedata

## ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၃-၂၀၂၄ (၃၀-၆-၂၀၂၃ )ထိ | ၂၀၂၂-၂၀၂၃ (၃၀-၆-၂၀၂၃ ) ထိ | တိုး/လျော့ |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | 862.405 | 1091.550 | -229.145 |
| ၂ | တိရစ္ဆာန်ထွက် | 1.682 | 9.911 | -8.229 |
| ၃ | ရေထွက် | 115.242 | 135.603 | -20.361 |
| ၄ | သတ္တုတွင်းထွက် | 72.795 | 100.294 | -27.499 |
| ၅ | သစ်တောထွက် | 18.622 | 36.347 | -17.725 |
| ၆ | စက်မှုကုန်ချော | 2184.348 | 2686.632 | -502.284 |
| ၇ | အခြား | 592.177 | 113.453 | 478.724 |
| | **စုစုပေါင်း** | **3847.271** | **4173.790** | **-326.519** |

| စဉ် | သွင်းကုန်အုပ်စု | ၂၀၂၃-၂၀၂၄ (၃၀-၆-၂၀၂၃)ထိ | ၂၀၂၂-၂၀၂၃ (၃၀-၆-၂၀၂၃)ထိ | တိုး/လျော့ |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | 1017.570 | 803.109 | 214.461 |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | 1148.190 | 1799.401 | 448.789 |
| ၃ | လူသုံးကုန်ပစ္စည်း | 720.933 | 875.147 | -154.214 |
| ၄ | CMP | 685.700 | 766.166 | -80.466 |
| | | | | |
| | | | | |
| | **စုစုပေါင်း** | **4672.393** | **4243.823** | **428.570** |

Source: commerce

## ကုန်စည်ဒိုင် ဈေးနှုန်းများ

## ၂၀၂၃၊ ဇွန်လအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၄.၇.၂၀၂၃) ထိ

| မြို့နယ် | ဆန်ကြမ်းထိပ်စ | ပေါ်ဆန်း |
|---|---|---|
| ဖျာပုံ | 62000–63000 | 90000–91000 |
| မြောင်းမြ | 62000–63000 | 90000–92000 |
| ဒေးဒရဲ | 62000–63000 | 88000–90000 |
| ဝါးခယ်မ | 61000–62000 | 89000–90000 |
| ဘိုကလေး | 60000–63000 | 88000–90000 |
| မော်လမြိုင်ကျွန်း | 61000–62000 | 86000–88500 |
| လပွတ္တာ | 61000–62000 | 86000–88000 |
| ကျိုက်လတ် | 60000–61000 | 85000–87000 |
| ဘုရင့်နောင် | 54000–55000 | 95000–110000 (ရွှေဘို) |

Source: MRF

## ၂၀၂၃၊ ဇွန်လ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 5.6.2023 | 1300-1350 | 1250-1300 | 1200-1250 | 1150-1200 | 1100-1150 |
| 2 | 12.6.2023 | 1300-1350 | 1250-1300 | 1200-1250 | 1150-1200 | 1100-1150 |
| 3 | 19.6.2023 | 1300-1350 | 1250-1300 | 1200-1250 | 1150-1200 | 1100-1150 |
| 4 | 26.6.2023 | 1300-1350 | 1250-1300 | 1200-1250 | 1150-1200 | 1100-1150 |

Source: MRPPA

## ၂၀၂၃၊ ဇွန်လအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ)(သစ်) | | | ခွဲနီ(ရှယ်)(သစ်) | | | ညှော့မထ | | | ငစိန်(သစ်) | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 1.6.2023 | 86000 | 85000 | 84000 | 77000 | 76500 | 76000 | 62000 | 61000 | 60000 | 58000 | 57000 | 56000 |
| 2 | 2.6.2023 | 86000 | 85000 | 84000 | 77000 | 76500 | 76000 | 62000 | 61000 | 60000 | 58000 | 57000 | 56000 |
| 3 | 5.6.2023 | 86000 | 85000 | 84000 | 77000 | 76500 | 76000 | 62000 | 61000 | 60000 | 58000 | 57000 | 56000 |
| 4 | 6.6.2023 | 86000 | 85000 | 84000 | 77000 | 76500 | 76000 | 62000 | 61000 | 60000 | 58000 | 57000 | 56000 |
| 5 | 7.6.2023 | 86000 | 85000 | 84000 | 77000 | 76500 | 76000 | 62000 | 61000 | 60000 | 58000 | 57000 | 56000 |
| 6 | 8.6.203 | 86000 | 85000 | 84000 | 77000 | 76500 | 76000 | 62000 | 61000 | 60000 | 58000 | 57000 | 56000 |
| 7 | 9.6.2023 | 86000 | 85000 | 84000 | 77000 | 76500 | 76000 | 62000 | 61000 | 60000 | 58000 | 57000 | 56000 |
| 8 | 12.6.2023 | 87000 | 86000 | 85000 | 80000 | 79000 | 75000 | 62500 | 62000 | 60000 | 58000 | 57000 | 56000 |
| 9 | 13.6.2023 | 87000 | 86000 | 85000 | 80000 | 79000 | 75000 | 62500 | 62000 | 60000 | 58000 | 57000 | 56000 |
| 10 | 14.6.2023 | 87000 | 86000 | 85000 | 80000 | 79000 | 75000 | 62500 | 62000 | 60000 | 58000 | 57000 | 56000 |
| 11 | 15.6.2023 | 87000 | 86000 | 85000 | 80000 | 79000 | 75000 | 62500 | 62000 | 60000 | 58000 | 57000 | 56000 |
| 12 | 16.6.2023 | 87000 | 86000 | 85000 | 80000 | 79000 | 75000 | 62500 | 62000 | 60000 | 58000 | 57000 | 56000 |
| 13 | 19.6.2023 | 88000 | 86000 | 85000 | 80000 | 79000 | 78000 | 62500 | 62000 | 60000 | 58000 | 57000 | 56000 |
| 14 | 20.6.2023 | 88000 | 86000 | 85000 | 80000 | 79000 | 78000 | 62500 | 62000 | 60000 | 58000 | 57000 | 56000 |
| 15 | 21.6.2023 | 88000 | 86000 | 85000 | 80000 | 79000 | 78000 | 62500 | 62000 | 60000 | 58000 | 57000 | 56000 |
| 16 | 22.6.2023 | 88000 | 86000 | 85000 | 80000 | 79000 | 78000 | 62500 | 62000 | 60000 | 58000 | 57000 | 56000 |
| 17 | 23.6.2023 | 88000 | 86000 | 85000 | 80000 | 79000 | 78000 | 62500 | 62000 | 60000 | 58000 | 57000 | 56000 |
| 18 | 26.6.2023 | 88000 | 86000 | 85000 | 81500 | 81200 | 80000 | 62500 | 62000 | 60000 | 58000 | 57000 | 56000 |
| 19 | 27.6.2023 | 88000 | 86000 | 85000 | 81500 | 81200 | 80000 | 62500 | 62000 | 60000 | 58000 | 57000 | 56000 |
| 20 | 28.6.2023 | 88000 | 86000 | 85000 | 81500 | 81200 | 80000 | 62500 | 62000 | 60000 | 58000 | 57000 | 56000 |
| 21 | 30.6.2023 | 88000 | 86000 | 85000 | 81500 | 81200 | 80000 | 62500 | 62000 | 60000 | 58000 | 57000 | 56000 |

**Source: Myanmar Rice**

## ၂၀၂၃၊ ဇွန်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/Rc | ပဲစင်းငုံ RC | ပဲတီစိမ်း (ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2023 | 2023 | (သစ်) | (ထိပ်စ) | | (သစ်) |
| 1 | 1.6.2023 | 2323000 | 2985000 | 1478900-1531000 | 2345500 | 2651600-2755800 | 2342400 |
| 2 | 2.6.2023 | 2334000 | 3025000 | 1478900-1531000 | 2345500 | 2651600-2755800 | 2342400 |
| 3 | 5.6.2023 | 2345000 | 3330000 | 1478900-1583000 | 2345500 | 2755800-2807800 | 2449600 |
| 4 | 6.6.2023 | 2325000 | 3275000 | 1478900-1583000 | 2345500 | 2804700-2859900 | 2449600 |
| 5 | 7.6.2023 | 2345000 | 3285000 | 1478900-1583000 | 2345500 | 2804700-2859900 | 2449600 |
| 6 | 8.6.203 | 2365000 | 3285000 | 1478900-1583000 | 2345500 | 2804700-2859900 | 2449600 |
| 7 | 9.6.2023 | 2414000 | 3295000 | 1478900-1583000 | 2345500 | 2856800-2908900 | 2449600 |
| 8 | 12.6.2023 | 2406000 | 3225000 | 1478900-1583000 | 2345500 | 2856800-2908900 | 2449600 |
| 9 | 13.6.2023 | 2400000 | 3175000 | 1478900-1583000 | 2345500 | 2908900-2961000 | 2449600 |
| 10 | 14.6.2023 | 2461000 | 3280000 | 1478900-1583000 | 2345500 | 2908900-2961000 | 2449600 |
| 11 | 15.6.2023 | 2447500 | 3225000 | 1478900-1583000 | 2345500 | 2856800-2908900 | 2449600 |
| 12 | 16.6.2023 | 2459500 | 3270000 | 1478900-1583000 | 2345500 | 2755800-2859900 | 2449600 |
| 13 | 19.6.2023 | 2237500 | 3200000 | 1531000-1635100 | 2345500 | 2755800-2859900 | 2501600 |
| 14 | 20.6.2023 | 2374000 | 3050000 | 1531000-1635100 | 2345500 | 2755800-2807800 | 2501600 |
| 15 | 21.6.2023 | 2382500 | 3065000 | 1531000-1635100 | 2345500 | 2755800-2807800 | 2501600 |
| 16 | 22.6.2023 | 2380000 | 3125000 | 1531000-1635100 | 2345500 | 2755800-2807800 | 2501600 |
| 17 | 23.6.2023 | 2329000 | 3050000 | 1531000-1635100 | 2345500 | 2651600-2706800 | 2501600 |
| 18 | 26.6.2023 | 2270000 | 2975000 | 1531000-1635100 | 2345500 | 2651600-2706800 | 2501600 |
| 19 | 27.6.2023 | 2220000 | 2940000 | 1531000-1635100 | 2345500 | 2651600-2706800 | 2501600 |
| 20 | 28.6.2023 | 2185000 | 2900000 | 1531000-1635100 | 2345500 | 2651600-2706800 | 2501600 |
| 21 | 30.6.2023 | 2263000 | 3015000 | 1531000-1635100 | 2327100 | 2651600-2706800 | 2501600 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၃၊ ဇွန်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆံ |
|---|---|---|---|---|---|---|
| 1 | 1.6.2023 | 3086400-3144600 | 1304400-1368700 | 1509500-1635100 | 1837200-1889200 | 734900-747100 |
| 2 | 2.6.2023 | 3086400-3144600 | 1304400-1368700 | 1531000-1635100 | 1837200-1889200 | 734900-747100 |
| 3 | 5.6.2023 | 3086400-3144600 | 1304400-1368700 | 1610600-1736100 | 1837200-1889200 | 734900-747100 |
| 4 | 6.6.2023 | 3086400-3144600 | 1304400-1368700 | 1610600-1736100 | 1837200-1889200 | 734900-747100 |
| 5 | 7.6.2023 | 3086400-3144600 | 1304400-1368700 | 1632000-1788200 | 1837200-1889200 | 734900-747100 |
| 6 | 8.6.203 | 3086400-3144600 | 1304400-1368700 | 1632000-1788200 | 1837200-1889200 | 734900-747100 |
| 7 | 9.6.2023 | 3086400-3144600 | 1304400-1368700 | 1632000-1788200 | 1837200-1889200 | 734900-747100 |
| 8 | 12.6.2023 | 3086400-3144600 | 1325800-1368700 | 1684100-1788200 | 1837200-1889200 | 747100-759400 |
| 9 | 13.6.2023 | 3086400-3144600 | 1325800-1368700 | 1684100-1788200 | 1837200-1889200 | 747100-759400 |
| 10 | 14.6.2023 | 3086400-3144600 | 1325800-1368700 | 1684100-1788200 | 1837200-1889200 | 747100-759400 |
| 11 | 15.6.2023 | 3086400-3144600 | 1347300-1377900 | 1684100-1788200 | 1837200-1889200 | 747100-759400 |
| 12 | 16.6.2023 | 3086400-3144600 | 1347300-1408500 | 1684100-1788200 | 1837200-1889200 | 747100-759400 |
| 13 | 19.6.2023 | 3141600-3251800 | 1347300-1408500 | 1684100-1788200 | 1837200-1889200 | 747100-759400 |
| 14 | 20.6.2023 | 3141600-3251800 | 1347300-1408500 | 1684100-1788200 | 1837200-1889200 | 747100-759400 |
| 15 | 21.6.2023 | 3141600-3251800 | 1347300-1408500 | 1684100-1788200 | 1837200-1889200 | 747100-759400 |
| 16 | 22.6.2023 | 3141600-3251800 | 1347300-1408500 | 1684100-1788200 | 1837200-1889200 | 741000-753200 |
| 17 | 23.6.2023 | 3141600-3251800 | 1347300-1408500 | 1684100-1788200 | 1837200-1889200 | 741000-753200 |
| 18 | 26.6.2023 | 3141600-3251800 | 1347300-1408500 | 1684100-1788200 | 1837200-1889200 | 741000-753200 |
| 19 | 27.6.2023 | 3141600-3251800 | 1347300-1408500 | 1684100-1788200 | 1837200-1889200 | 741000-753200 |
| 20 | 28.6.2023 | 3141600-3251800 | 1347300-1408500 | 1785100-1941300 | 1837200-1889200 | 741000-753200 |
| 21 | 30.6.2023 | 3141600-3251800 | 1347300-1408500 | 1684100-1788200 | 1837200-1889200 | 734900-747100 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၃၊ ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 1.6.2023 to 2.6.2023 | 5.6. .2023 to 9.6.2023 | 12.6.2023 to 16.6. 2023 | 19.6.2023 to 23.6.2023 | 26.6.2023 To 30.6.2023 |
|---|---|---|---|---|---|---|
| မတ်ပဲ (2022 -23crop) | FAQ | 950-970 | 950-970 | 990-1010 | 980-1000 | 935-955 |
| | SQ | 1050-1070 | 1050-1070 | 1095-1115 | 1085-1105 | 1035-1055 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 1020-1070 | 1020-1070 | 1060-1110 | 1050-1100 | 1005-1055 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 1080-1130 | 1080-1130 | 1120-1170 | 1110-1160 | 1065-1115 |
| | အခွံပါ အခြမ်း | 965-1015 | 965-1015 | 1005-1055 | 995-1045 | 950-1000 |
| ပဲတီစိမ်း (2022-23 Crop) | FAQ (အညာ) | 880-900 | 840-860 | 820-840 | 820-840 | 810-830 |
| | ရွှေဝါအကြီး (Size 3.5 mm &up) | 1020-1040 | 1020-1040 | 1020-1040 | 1020-1040 | 1010-1030 |
| | ရွှေဝါအကြီး (Size 3.25 mm &up) | 990-1010 | 970-990 | 950-970 | 950-970 | 930-950 |
| | ရွှေဝါအသေး (Under 3.5 mm) | 900-930 | 890-920 | 890-920 | 890-920 | 870-900 |
| ပဲတီစိမ်း (2022 -23 Crop) | FAQ ပဲနောက် | 655-685 | 695-720 | 710-730 | 710-730 | 710-730 |
| | SQ ပဲနောက် | 770-800 | 810-840 | 830-850 | 830-850 | 800-820 |
| | အခွံချွတ်အလုံးကြီးအခြမ်း (အညာ) | 1050-1100 | 1030-1080 | 1030-1080 | 1030-1080 | 1020-1070 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 730-755 | 780-805 | 760-785 | 760-785 | 750-775 |
| | အခွံပါအလုံးသေးအခြမ်း (အညာ) | 780-830 | 780-830 | 760-810 | 760-810 | 750-800 |
| ပဲစင်းငုံ (2022 -23 Crop) | အနီ | 1120-1140 | 1230-1250 | 1240-1260 | 1240-1260 | 1180-1200 |
| ပဲစင်းငုံ (2023 Crop) | အဖြူ(စစ်ကိုင်း) | 1030-1050 | 1140-1160 | 1150-1170 | 1150-1170 | 1090-1110 |
| | အခွံချွတ်အခြမ်း | 1440-1465 | 1550-1575 | 1560-1585 | 1560-1585 | 1495-1520 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 900-950 | 950-1000 | 950-1000 | 1000-1050 | 1000-1050 |
| | အခွံချွတ်အခြမ်း | 1225-1275 | 1275-1325 | 1275-1325 | 1325-1375 | 1325-1375 |
| ပဲလွန်းဖြူ | FAQ | 615-635 | 625-645 | 625-645 | 625-645 | 625-645 |
| | SQ | 650-675 | 660-685 | 660-685 | 660-685 | 660-685 |
| | အခွံချွတ်အခြမ်း | 820-870 | 830-880 | 830-880 | 830-880 | 830-880 |
| ပဲလွန်းနီ | FAQ | 835-885 | 835-885 | 835-885 | 765-815 | 765-815 |
| ပဲထောပတ် | FAQ | 1050-1080 | 1095-1125 | 1095-1125 | 1115-1145 | 1115-1145 |
| | အခွံချွတ်အခြမ်း | 1150-1180 | 1195-1225 | 1195-1225 | 1215-1245 | 1215-1245 |
| ပြောင်းဆံ | | 300-320 | 300-320 | 310-330 | 310-330 | 300-320 |
| နှမ်းဖြူ | | 1850-1900 | 2025-2075 | 2025-2075 | 2055-2105 | 2000-2050 |
| နှမ်းနက် (စပုံ) | | 1970-2020 | 1970-2020 | 1970-2020 | 1910-1960 | 1910-1960 |
| နှမ်းညို | | 1550-1600 | 1675-1775 | 1675-1775 | 1675-1775 | 1675-1775 |
| နှမ်းနက် (ရိုးရိုး) | | 1550-1600 | 1675-1775 | 1675-1775 | 1675-1725 | 1675-1725 |
| မြေထောက်ပဲ(အနီ) | | 1450-1475 | 1480-1505 | 1480-1505 | 1500-1525 | 1500-1525 |
| မြေထောက်ပဲ(အဖြူ) | | 1150-1175 | 1175-1200 | 1175-1200 | 1175-1200 | 1175-1200 |
| ပဲယင်း(ဝါ) | | 690-715 | 690-715 | 690-715 | 690-715 | 690-715 |
| ပဲယင်း(နီ) | | 950-1000 | 900-950 | 900-950 | 900-950 | 900-950 |
| Azuki ပဲတီစိမ်း(နီ) | | 1250-1280 | 1250-1280 | 1250-1280 | 1250-1280 | 1250-1280 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၃၊ ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်စျေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 31.5.2023 to 6.6.2023 | 7.6.2023 to 13.6.2023 | 14.6.2023 to 20.6.2023 | 21.6.2023 To 27.6.2023 | 28.6.2023 to 4.7.2023 |
|---|---|---|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken(well Milled Double Polished Sortexed) | 520-580 | 520-530 | 520-530 | 510-520 | 505-515 |
| 2 | Myanmar Long Grain White Rice 10% Broken(well Milled Double Polished Sortexed) | 510-520 | 510-520 | 510-520 | 500-510 | 495-505 |
| 3 | Myanmar Long Grain White Rice 15% Broken(well Milled Double Polished Sortexexd) | 500-510 | 500-510 | 500-510 | 490-500 | 485-495 |
| 4 | Myanmar Long Grain White Rice 20% Broken(well Milled Double Polished Sortexexd) | 490-500 | 490-500 | 490-500 | 480-490 | 475-485 |
| 5 | Myanmar Long Grain White Rice 25% Broken(well Milled Double Polished Sortexexd) | 480-490 | 480-490 | 480-490 | 470-480 | 465-475 |
| 6 | Myanmar Long Grain White Rice 5% Broken(Reasonable Well Milled) | 490-500 | 490-500 | 490-500 | 480-490 | 475-485 |
| 7 | Myanmar Long Grain White Rice 10% Broken(Reasonable Well Milled) | 485-490 | 485-490 | 485-490 | 475-480 | 470-475 |
| 8 | Myanmar Long Grain White Rice 15% Broken(Reasonable Well Milled) | 480-485 | 480-485 | 480-485 | 470-475 | 465-470 |
| 9 | Myanmar Long Grain White Rice 25% Broken(Reasonable Well Milled) | 475-480 | 475-480 | 475-480 | 465-470 | 460-465 |
| 10 | Myanmar Long Grain White Rice (Emata)25% Broken(Reasonable Well Milled) (for Africa) | 475-480 | 475-480 | 475-480 | 465-470 | 460-465 |
| 11 | Myanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 530-540 | 530-540 | 530-540 | 520-530 | 515-525 |
| 12 | Myanmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 520-530 | 520-530 | 520-530 | 510-520 | 505-515 |
| 13 | Myanmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 510-520 | 510-520 | 510-520 | 500-510 | 495-505 |
| 14 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 500-510 | 500-510 | 500-510 | 490-500 | 485-495 |
| 15 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 520-530 | 520-530 | 520-530 | 510-520 | 505-515 |
| 16 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 510-520 | 510-520 | 510-520 | 500-510 | 495-505 |
| 17 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 500-510 | 500-510 | 500-510 | 490-500 | 485-495 |
| 18 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 490-500 | 490-500 | 490-500 | 480-490 | 475-485 |
| 19 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 530-540 | 530-540 | 530-540 | 520-530 | 515-525 |
| 20 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 520-530 | 520-530 | 520-530 | 510-520 | 505-515 |
| 21 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 510-520 | 510-520 | 510-520 | 500-510 | 495-505 |
| 22 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 500-510 | 500-510 | 500-510 | 490-500 | 485-495 |
| 23 | Myanmar White Rice Tun Pu (or) Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 540-550 | 540-550 | 540-550 | 530-540 | 525-535 |
| 24 | Myanmar White Rice Tun Pu (or) Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 530-540 | 530-540 | 530-540 | 520-530 | 515-525 |
| 25 | Myanmar White Rice Tun Pu (or) Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 520-530 | 520-530 | 520-530 | 510-520 | 505-515 |
| 26 | Myanmar White Rice Tun Pu (or) Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 510-520 | 510-520 | 510-520 | 500-510 | 495-505 |
| 27 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 550-560 | 550-560 | 550-560 | 540-550 | 535-545 |
| 28 | Myanmar Parboiled Rice (Kayinma) 10 % Broken (Well Milled Double Polished Sortexed) | 540-550 | 540-550 | 540-550 | 530-540 | 525-535 |
| 29 | Myanmar Long Grain Parboiled Brown Rice 5% Broken | 460-470 | 460-470 | 460-470 | 450-460 | 445-455 |
| 30 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 540-550 | 540-550 | 540-550 | 530-540 | 525-535 |
| 31 | Myanmar Glutinous Rice 5% Broken | 650-700 | 650-700 | 650-700 | 640-690 | 635-685 |
| 32 | Myanmar Glutinous Rice 10 % Broken | 600-650 | 600-650 | 600-650 | 590-640 | 585-635 |
| 33 | Myanmar Glutinous Rice 15 % Broken | 590-600 | 590-600 | 590-600 | 580-590 | 575-585 |

**Source: MRF**

| No | Date | WTI Crude Oil | Brent Crude Oil | RBOB Gasoline | Narural Gas | Heating Oil |
|---|---|---|---|---|---|---|
| | | (USD/bbl) | (USD / bbl) | (USd/ gal) | USD/ MMBtu) | (USd/ gal) |
| 1 | 1.6.2023 | 68.52 | 72.66 | 255.99 | 2.27 | 225.96 |
| 2 | 2.6.2023 | 70.59 | 74.79 | 244.59 | 2.17 | 232.38 |
| 3 | 5.6.2023 | 72.73 | 77.07 | 252.72 | 2.21 | 238.38 |
| 4 | 6.6.2023 | 71.94 | 76.57 | 253.47 | 2.27 | 237.95 |
| 5 | 7.6.2023 | 71.45 | 75.95 | 254.05 | 2.26 | 235.60 |
| 6 | 8.6.203 | 72.32 | 76.69 | 265.54 | 2.32 | 240.21 |
| 7 | 9.6.2023 | 70.90 | 75.57 | 260.40 | 2.32 | 238.07 |
| 8 | 12.6.2023 | 69.38 | 73.95 | 255.95 | 2.29 | 233.90 |
| 9 | 13.6.2023 | 67.49 | 72.36 | 249.90 | 2.29 | 232.17 |
| 10 | 14.6.2023 | 69.43 | 74.37 | 255.08 | 2.31 | 239.69 |
| 11 | 15.6.2023 | 68.13 | 73.04 | 255.18 | 2.32 | 234.73 |
| 12 | 16.6.2023 | 70.43 | 75.54 | 264.64 | 2.54 | 247.62 |
| 13 | 19.6.2023 | 70.63 | 75.44 | 264.60 | 2.58 | 252.91 |
| 14 | 20.6.2023 | 70.79 | 75.83 | 264.63 | 2.65 | 249.73 |
| 15 | 21.6.2023 | 71.43 | 76.10 | 260.99 | 2.50 | 247.90 |
| 16 | 22.6.2023 | 72.01 | 76.87 | 260.63 | 2.59 | 256.64 |
| 17 | 23.6.2023 | 69.00 | 73.64 | 253.66 | 2.60 | 244.45 |
| 18 | 26.6.2023 | 69.16 | 76.91 | 252.67 | 2.77 | 242.44 |
| 19 | 27.6.2023 | 69.77 | 74.56 | 255.31 | 2.78 | 246.26 |
| 20 | 28.6.2023 | 68.15 | 72.71 | 255.62 | 2.78 | 242.10 |
| 21 | 30.6.2023 | 70.01 | 74.64 | 260.25 | 2.69 | 241.56 |

Source: Bloomberg Commodities

## ၂၀၂၃၊ ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)နှင့် မြန်မာ့ရွှေဈေး (ကျပ်)

| No | Date | London | New York |
|---|---|---|---|
| 1 | 1.6.2023 | 1967 | 1970 |
| 2 | 2.6.2023 | 1984 | 1988 |
| 3 | 5.6.2023 | 1951 | 1954 |
| 4 | 6.6.2023 | 1962 | 1965 |
| 5 | 7.6.2023 | 1965 | 1970 |
| 6 | 8.6.203 | 1950 | 1955 |
| 7 | 9.6.2023 | 1967 | 1970 |
| 8 | 12.6.2023 | 1959 | 1962 |
| 9 | 13.6.2023 | 1963 | 1967 |
| 10 | 14.6.2023 | 1954 | 1957 |
| 11 | 15.6.2023 | 1939 | 1942 |
| 12 | 16.6.2023 | 1975 | 1963 |
| 13 | 19.6.2023 | 1959 | 1962 |
| 14 | 20.6.2023 | 1955 | 1959 |
| 15 | 21.6.2023 | 1969 | 2084 |
| 16 | 22.6.2023 | 1936 | 1939 |
| 17 | 23.6.2023 | 1916 | 2084 |
| 18 | 26.6.2023 | 1927 | 1930 |
| 19 | 27.6.2023 | 1932 | 1935 |
| 20 | 28.6.2023 | 1919 | 1922 |
| 21 | 30.6.2023 | 1812 | 1915 |

Source: Bullionvault,

မှတ်ချက်။ ရွှေဈေးနှုန်းရရှိသောအခါတွင်ပြန်လည်ထည့်သွင်းဖော်ပြသွားပါမည်

## ၂၀၂၃၊ ဇွန်လ အတွင်းဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ငွေဈေး(ဒေါ်လာ)

| No | Date | Dollar | |
|---|---|---|---|
| | | နံနက် | ညနေ |
| 1 | 1.6.2023 | 2915–2920 | 2900–2910 |
| 2 | 2.6.2023 | 2915–2925 | 2915–2925 |
| 3 | 5.6.2023 | 2925–2930 | 2925–2930 |
| 4 | 6.6.2023 | 2923–2928 | 2923–2928 |
| 5 | 7.6.2023 | 2923–2928 | 2930–2938 |
| 6 | 8.6.203 | 2935–2940 | 2955–2960 |
| 7 | 9.6.2023 | 2960–2965 | 2965–2970 |
| 8 | 12.6.2023 | 2960–2965 | 2955–2960 |
| 9 | 13.6.2023 | 2965–2970 | 2965–2970 |
| 10 | 14.6.2023 | 2965–2970 | 2975–2980 |
| 11 | 15.6.2023 | 2970–2980 | 2980–2985 |
| 12 | 16.6.2023 | N/A | N/A |
| 13 | 19.6.2023 | N/A | N/A |
| 14 | 20.6.2023 | N/A | N/A |
| 15 | 21.6.2023 | N/A | N/A |
| 16 | 22.6.2023 | N/A | N/A |
| 17 | 23.6.2023 | N/A | N/A |
| 18 | 26.6.2023 | N/A | N/A |
| 19 | 27.6.2023 | N/A | N/A |
| 20 | 28.6.2023 | N/A | N/A |
| 21 | 30.6.2023 | N/A | N/A |

Source: e trade Myanmar

## ၂၀၂၃၊ ဇွန်လ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 1.6.2023 | 2100.0 | 60.406 | 295.31 | 1552.9 | 25.481 | 1502.6 |
| 2 | 2.6.2023 | 2100.0 | 60.817 | 297.49 | 1562.4 | 25.522 | 1513.3 |
| 3 | 5.6.2023 | 2100.0 | 60.172 | 295.00 | 1552.9 | 25.405 | 1496.7 |
| 4 | 6.6.2023 | 2100.0 | 60.353 | 294.97 | 1556.9 | 25.421 | 1506.7 |
| 5 | 7.6.2023 | 2100.0 | 60.466 | 295.06 | 1558.5 | 25.444 | 1507.2 |
| 6 | 8.6.203 | 2100.0 | 60.258 | 294.51 | 1558.5 | 25.439 | 1501.8 |
| 7 | 9.6.2023 | 2100.0 | 60.676 | 294.49 | 1562.0 | 25.464 | 1504.1 |
| 8 | 12.6.2023 | 2100.0 | 60.729 | 294.02 | 1564.4 | 25.477 | 1509.3 |
| 9 | 13.6.2023 | 2100.0 | 60.755 | 293.58 | 1566.5 | 25.493 | 1505.1 |
| 10 | 14.6.2023 | 2100.0 | 60.571 | 293.34 | 1565.5 | 25.572 | 1500.9 |
| 11 | 15.6.2023 | 2100.0 | 60.319 | 293.48 | 1564.5 | 25.559 | 1489.0 |
| 12 | 16.6.2023 | 2100.0 | 60.632 | 295.25 | 1571.0 | 25.645 | 1489.6 |
| 13 | 19.6.2023 | 2100.0 | 60.345 | 293.27 | 1565.2 | 25.632 | 1479.0 |
| 14 | 20.6.2023 | 2100.0 | 60.449 | 292.65 | 1564.5 | 25.58 | 1782.7 |
| 15 | 21.6.2023 | 2100.0 | 60.276 | 292.11 | 1562.9 | 25.603 | 1479.7 |
| 16 | 22.6.2023 | 2100.0 | 59.914 | 292.50 | 1566.3 | 25.624 | 1479.4 |
| 17 | 23.6.2023 | 2100.0 | 59.625 | 292.50 | 1552.5 | 25.598 | 1467.6 |
| 18 | 26.6.2023 | 2100.0 | 59.676 | 290.20 | 1552.2 | 25.596 | 1467.5 |
| 19 | 27.6.2023 | 2100.0 | 59.524 | 290.88 | 1555.6 | 25.600 | 1460.1 |
| 20 | 28.6.2023 | 2100.0 | 58.939 | 289.91 | 1553.9 | 25.591 | 1458.0 |
| 21 | 30.6.2023 | 2100.0 | 59.230 | 289.10 | 1548.0 | 25.591 | 1451.2 |

Source: Central Bank of Myanmar